မြန်မာ့အလင်း

၁၂၅၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၂)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စပိန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင်ကျရောက်သော စပိန်နိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ စပိန်နိုင်ငံဘုရင် ပထမမြောက် ဟွန်၊ ကားလို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နောင်ပေါ်ပေါက်လာမည့် အခြေခံဥပဒေအရ ဖြစ်ပေါ်လာမည့်အုပ်ချုပ်ရေးယန္တရားကို မျှော်မှန်းပြီး အုပ်ချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် လုပ်ကိုင်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေ နိုင်ငံတော်အကျိုး၊ အများပြည်သူအကျိုးစီးပွားနှင့် ဒေသဖွံ့ဖြိုးရေး ထိထိမိမိသယ်ပိုးလုပ်ကိုင် ပြည်သူလေးစားအားကိုး ယုံကြည်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်တည်နေရန် အားထုတ်ကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၉ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။ **(ဓါတ်ပုံ)**

တက်ရောက်

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းအုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့မှူးများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော အုပ်ချုပ်မှု စွမ်းရည်ခိုင်မာရေး အထူးမွမ်းမံသင်တန်းသို့ တက်ရောက်ကြမည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်နှင့် တိုင်း အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်း ရေးဆွဲရေးဦးစီးဌာန ပြည်နယ်နှင့်တိုင်း ဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးများ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ✻



အမျိုးသားညီလာခံ စုံညီအစည်းအဝေး

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၀

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင် ထမ်းဆောင်နိုင်ရေးဟူသည့် အမျိုးသားညီလာခံဦးတည်ချက်များဖြင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ကျင်းပခဲ့ပြီး ခေတ္တရပ်နားခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းရန်ကြိုးပမ်း

အမျိုးသားညီလာခံကြီးသည် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ညီလာခံကိုယ်စားလှယ်ကြီးများ၏ နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားကို ရှေးရှုကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုအချိန်အထိ အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အသေးစိတ်အခြေခံမူများ တစ်ခုပြီးတစ်ခု ချမှတ်လာနိုင်ခဲ့သည်။

ယင်းကဲ့သို့ အမျိုးသားညီလာခံကြီး၏ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး နောင်ဖြစ်ပေါ်လာမည့် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ရှုမြင်နိုင်သည့် အခြေအနေကို ရောက်ရှိလာသည်နှင့်အမျှ ပြည်တွင်းပြည်ပက အဖျက်သမားများ၏ ဖြတ်လမ်းက အာဏာရရှိရေး မျှော်မှန်းချက်များသည် မှေးမှိန်ပျောက်ကွယ်လာပြီဖြစ်သည်။ ထို့ကြောင့် အမျိုးသားညီလာခံကြီး ပျက်ပြားသွားစေရန် အကြမ်းဖက်မှု၊ ဆူပူအုံကြွမှုတို့ အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ကြံစည် လုပ်ဆောင်လျက် ရှိနေကြသည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရင်း ပြည်သူအများ လိုလားတောင့်တနေကြသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်းရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်နေသည်။

ယနေ့ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ကဏ္ဍစုံတွင် မည်သည့် ခေတ်ကာလနှင့်မျှမတူအောင် အဘက်ဘက်က တိုးတက်ပြောင်းလဲနေသည့် အခြေအနေကောင်းကို ရောက်အောင် အခက်အခဲအမျိုးမျိုး၊ တားဆီးပိတ်ပင် အကျပ်ကိုင်မှုအဖုံဖုံ၊ အနှောင့်အယှက် အဖျက်အဆီးများစွာကို ရင်ဆိုင် ကျော်လွှားပြီး ပြည်သူများ၏ စွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်နိုင်ခဲ့သည်။

ယနေ့အခြေအနေသည် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို ထိန်းသိမ်းမြှင့်တင်ရင်း မိမိနိုင်ငံနှင့် မိမိလူမျိုး အနှောင်အဖွဲ့ကင်းရှင်းစွာ ကြီးပွားတိုးတက်ရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အမျိုးသားရေးသန္နိဋ္ဌာန်စိတ်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရည်မှန်းချက် ဆိုက်ရောက်သည်အထိ ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်အခါကို ရောက်ရှိနေပြီဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲမှုတို့ကို အစဉ်ထာဝရ အာမခံပေးနိုင်မည့် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းလက်တွဲ၍ အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်နေကြခြင်း ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း
တပ်ကုန်းမြို့နယ် တောင်သူများအား ဆေးဖျန်းပုံးများပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီခွဲက မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ခေတ်အေးကျေးရွာ၌ ရန်အောင်မြင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုသလအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

တွေ့ဆုံအမှာစကားပြောကြား

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အမှုဆောင်များနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပေးအပ်လှူဒါန်းသည့် ကျေးရွာ အုပ်စုများ၌ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုရန် ဆေးဖျန်းပုံးများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူတို့က တောင်သူလယ်သမားများအား ပေးအပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

အဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ်စာအောင်ပုဂ္ဂိုလ်များ ဆုနှင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏ သတ္တရသမ (၁၇)ကြိမ်မြောက် အဘိဓမ္မာ၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ်စာ အောင်ပုဂ္ဂိုလ်များ ဆုနှင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွှေကျင်သုံးထပ်ကျောင်းဆရာတော် ဘဒ္ဒန္တဦးသုမန ထံမှ ငြိမ့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဩဝါဒနာယူ

ထို့နောက် ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ ဩဝါဒါစရိယ တိပိဋကဓရတိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တ အရှင်သိရိန္ဒာဘိဝံသ(ယော)ဆရာတော် ထံမှ ငြိမ့်ပရိသတ်တို့က ဩဝါဒကထာ နာယူကြသည်။

ဆက်လက်၍ ဓမ္မဗျူဟာသာသနမာမကအဖွဲ့ အတွင်းရေးမှူး သင်တန်းမှူးမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်လှတင်က သာသနာရေးဆိုင်ရာများလျှောက်ထားသည်။ ထို့နောက် ဆရာတော် သံဃာတော်များအား အာမိသ ပူဇာအဖြစ် လှူဖွယ်များ ဆက်ကပ်ကြပြီး တာဝန်ရှိသူတို့က ဝိသုဒ္ဓိမဂ် အဘိဓမ္မာ (ဂုဏ်ထူးဆောင်)၊ အဘိဓမ္မာ (ရိုးရိုး) စာအောင် ပုဂ္ဂိုလ်များအား ဆုများချီးမြှင့်ကြသည်။ **(ဝဲပုံ)** အဆိုပါ သင်တန်းမှ စာအောင် ပုဂ္ဂိုလ်၄၅၈ဦး ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရေကြောင်း အင်ဂျင်နီယာအသင်း ဘာသာရပ်ဆိုင်ရာဆွေးနွေးမည်

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း(Myanmar Marine Engineers Association)ပညာရေးအဖွဲ့၏ စီစဉ်မှုဖြင့် "Problems Encountered with Marpol Annex 1 and 6 onboard Ship's "ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ ရက် (သောကြာနေ့)ညနေ ၃ နာရီတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဗဟိုဌာန (IBC)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကို စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် လူဦးရေ ကန့်သတ်ထားပါသဖြင့် တက်ရောက်လိုသူများသည် ဒေါ်ဆွေဇင် ဖုန်း- ၂၅၆၈၄၅၊၂၅၆၈၅၀နှင့် ဦးမြတ်မူ ဖုန်း-၅၂၄၃၈၅၊၅၀၁၃၄၁တို့သို့အောက်တိုဘာ ၁၅ ရက်နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၂-၁၀-၂၀၀၆

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း-၈)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း-၁၆)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင်၅၉၊ လေးလွှာ၊ ဖျာပုံလမ်း၊ စမ်းချောင်း မြို့နယ်နေ သား သားမြတ်လင်းမောင် (၃)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်သူကို ကူညီစောင့်ရှောက်လိုစိတ်၊ နိုင်ငံနှင့် လူမျိုးကို ချစ်သည့်စိတ် စသည့် စိတ်ဓာတ်ကောင်းများ ရှင်သန်ခိုင်မာနေရန် မိမိကိုယ်ကို အမြဲလေ့ကျင့်ပျိုးထောင်

* ရှေ့ဖုံးမှ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားတွင် အဓိက အရေးပါသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူအဆင့်ဆင့်ကို လေးလေးစားစား တန်ဖိုးထား မှာကြားလိုကြောင်း။

အဓိကအခြေခံအား

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့ပြီးဖြစ်သည့်အတွက် အတွေ့အကြုံများနှင့် လေ့ကျင့်ပျိုးထောင်မှုများ စသည့် သင်ခန်းစာများကို ရရှိပြီးဖြစ်ကြောင်း၊ ဌာနနှစ်ခုလုံးတွင် ရှေးရိုးဗျူရိုကရက်ပုံစံ အနေအထိုင် အလေ့အထမျိုးလည်း မရှိသလောက်ဖြစ်နေပြီဖြစ်ကြောင်း၊ ကိုလိုနီကျွန်ဘဝတုန်းက အုပ်ချုပ်ရေးယန္တရားကို ထူထောင်ခဲ့သည့်နေရာတွင် မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်စသည့် အမာခံအုပ်ချုပ်ရေးအပိုင်းနှင့် လက်နက်ကိုင်ပုလိပ်အဖွဲ့ လုံခြုံရေးအပိုင်းတို့ကို အဓိကအခြေခံအားများအဖြစ် ရယူခဲ့ကြကြောင်း၊ တိုင်းပြည်ကို ကျွန်သက်ရှည်ရန်နှင့် ငြိမ်ဝပ်ပိပြားစွာ အုပ်ချုပ်ရန်ဆိုသည့် ရည်ရွယ်ချက်ကိုသာ အဓိကထားသည့်အတွက် ယင်းအုပ်ချုပ်ရေးယန္တရားသည် ကိုလိုနီနယ်ချဲ့များ၏အလိုကျ ပြည်သူများအား လိုရင် လိုသလို ဖိနှိပ်ချုပ်ချယ်ကန့်သတ်နိုင်စွမ်းရှိသည့် ဖိနှိပ်ရေးယန္တရားဖြစ်ခဲ့ကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်ဒီမိုကရေစီခေတ်တွင် ကိုလိုနီခေတ်၏ အုပ်ချုပ်ရေးယန္တရားပုံစံကို ပြုပြင်နိုင်ရန် ကြိုးစားခဲ့ကြသော်လည်း တိုင်းပြည်တွင် မငြိမ်မသက်မှုများ၊ သောင်းကျန်းမှုများ၊ ပါတီနိုင်ငံရေးဂိုဏ်းဂဏပြင်းထန်မှုများ ပေါ်ပေါက်နေခဲ့ခြင်းကြောင့် မှန်ကန်ထိရောက်သည့် အုပ်ချုပ်ရေးပုံစံကို အစားထိုးမရနိုင်ဘဲ ကိုလိုနီခေတ်အုပ်ချုပ်ရေးပုံစံဟောင်းကိုသာ ဆက်လက်ကျင့်သုံးခဲ့ရကြောင်း၊ (ICS)အစား (BCS)ဆိုသည့် မြို့ပိုင်၊ နယ်ပိုင်များ ပေါ်ထွက်လာသလို မြန်မာပြည်ပုလိပ်ကို ရဲအဖြစ် ပြောင်းလဲလိုက်ခြင်းတို့သာ ရှိခဲ့ကြောင်း။

နိုးကြားတက်ကြွ

ထိုအချိန်တွင် လွတ်လပ်ရေးတိုက်ပွဲများနှင့်အတူ ပြည်သူများ၏ အသိစိတ်ဓာတ်သည် နိုးကြားတက်ကြွနေပြီး ကိုလိုနီနယ်ချဲ့စနစ်နှင့် ယင်းစနစ်၏ ဆိုးမွေများအပေါ်တွင် ရွံမုန်းနေကြပြီဖြစ်ကြောင်း။

သို့သော်လည်း ယင်းအချိန်ကာလတွင် တာဝန်ရှိသည့် အစိုးရသည် အုပ်ချုပ်ရေးယန္တရားဟောင်းကို ပြုပြင်နိုင်စွမ်းမရှိသလို အုပ်ချုပ်ရေးအပိုင်းကို တာဝန်ယူနေကြသည့် အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန်၊ နယ်ပိုင်၊ မြို့ပိုင်တို့ကလည်း မိမိတို့ဌာနဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၏ ကန့်သတ်ထားသည့် ဘောင်အတွင်း၌ ကျင်လည်ပြီး ကျဉ်းကျုတ်သော ယင်းကန့်သတ်ချက်ဘောင်အတွင်းက မထွက်နိုင် ဖြစ်ခဲ့ရကြောင်း၊ ထိုစဉ်က အုပ်ချုပ်ရေးစနစ်သည် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် တိုင်းပြည်၏ လူမှုစီးပွားရေးပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းမရှိသည့်အတွက် အုပ်ချုပ်မှုပြဿနာဖြစ်လာရသလို အများပြည်သူနှင့်ဆက်စပ်သည့် နိုင်ငံရေးပြဿနာလည်း ဖြစ်လာခဲ့ရကြောင်း၊ ဗျူရိုကရေစီအနိဋ္ဌာရုံများကို ထောက်ပြဝေဖန် ဆန်းစစ်မှုများ ကြုံတွေ့လာရသလို တစ်ကိုယ်ရေတိုးတက်ကြီးပွားရေးကိုသာ အလေးပေးသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အားနည်းမှုများသည်လည်း ပြည်သူ့အမြင်၌ မကြည်မလင် ဝေဖန်စရာများဖြစ်လာခဲ့ကြောင်း၊ ဝန်ထမ်းများနှင့် ပြည်သူ့ကိုယ်စားလှယ်များကို သဟဇာတကျကျ၊ အကျိုးရှိရှိ အသုံးမချနိုင်သည့် အားနည်းမှုများဖြစ်ခဲ့သည့်အတွက် ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ရည်ကိုင်ရည်သည်လည်း ကျဆင်းခဲ့ရကြောင်း၊ ဝန်ထမ်း၏ တာဝန်သိတတ်မှု၊ ဝန်ထမ်း၏ ဂုဏ်သိက္ခာတို့ကို ထိန်းသိမ်းမြှင့်တင်နိုင်အား ကျဆင်းစေခဲ့သည်တို့မှာ အမှန်ပင်ဖြစ်ကြောင်း။

မှန်ကန်ခိုင်မာသည့်ရပ်တည်ချက်

တိုင်းပြည်အရေးနှင့် အုပ်ချုပ်ရေးအကြား စည်းခြားထားပြီး တိုင်းရေးပြည်ရေးသည် ဝန်ထမ်းများနှင့်မဆိုင်၊ နိုင်ငံရေးသမားများနှင့်သာ ဆိုင်သည်ဟုဆိုပြီး နိုင်ငံရေးဘက်မလိုက်မှု (Political Neutrality)ကို ပိုမိုချဲ့ကား ကျင့်သုံးခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့် နိုင်ငံရေးသည် အပြန်အလှန်ဆက်စပ်နေခြင်းဖြစ်သည့်အတွက် ပါတီနိုင်ငံရေးတွင်သာ ဘက်မလိုက်ဘဲ နေသင့်သော်လည်း တိုင်းရေး၊ ပြည်ရေး၊ အမျိုးသားနိုင်ငံရေးတွင်မူ ဝန်ထမ်းများသည် မှန်ကန်ခိုင်မာသည့် ရပ်တည်ချက်များ ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ ပြည်သူထဲမှ ပြည်သူများပင်ဖြစ်သည့်အတွက် ပြည်သူ့ရေးရာကိစ္စများတွင် အမှန်တကယ် စိတ်ဝင်စားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ ပြည်သူ့ရေးရာကိစ္စများကို အချိန်ပြည့် ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ဖွဲ့စည်းပုံအင်အားအရ ခန့်အပ်တာဝန်ပေးထားပြီး နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသည့် လစာစရိတ်ကို ခံစားနေကြသူများဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ ထောက်ပံ့မှုကို ခံစားနေသည့် တာဝန်ရှိ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူကို အလုပ်အကျွေးပြုရန်၊ နိုင်ငံတော်နှင့် ပြည်သူ ကြီးပွားတိုးတက်ရေးကို အလေးထားရန် အမှန်လိုအပ်ကြောင်း။

ခေတ်နှင့်အညီ

ယနေ့အချိန်အခါတွင် အုပ်ချုပ်ရေးသည် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အရေးအရာအားလုံးတို့၏ အဓိက ကွင်းဆက်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကောင်းရန်၊ အုပ်ချုပ်မှု ခိုင်မာသွက်လက်ထက်မြက်ရန်အတွက် ဖွဲ့စည်းမှုပုံသဏ္ဌာန် မှန်ကန်ရန်လိုသလို လုပ်ကိုင်ပုံ နည်းစနစ်များသည်လည်း ခေတ်နှင့်အညီဖြစ်ရန်လိုသည်ဆိုသည့် ခံယူချက်ထားရှိပြီး ပြုပြင်ပြောင်းလဲမှုများ (Restructuring) ပြုလုပ်နေခြင်းဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ လစာကို သိသိသာသာ တိုးမြှင့်ခံစားခွင့်ပြုသလို နိုင်ငံတော် ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်ပြီး သိပ်သည်းကျစ်လျစ်အောင် ပြင်ဆင်သင့်သည်တို့ကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းသင့်သည့် အဖွဲ့အစည်းကို ဖျက်သိမ်းခြင်းတို့ကို လိုအပ်သလို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွား၊ တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားကို ကျယ်ကျယ်ပြန့်ပြန့် သွက်သွက်လက်လက် ထိထိရောက်ရောက် စနစ်တကျထမ်းဆောင်နိုင်သည့် အစိုးရယန္တရားဖြစ်စေရေး၊ ကျင့်ဝတ်သိက္ခာချိုးဖောက်မှု၊ ဖောက်လွှဲဖောက်ပြန်မှုနှင့် လာဘ်ပေးလာဘ်ယူမှု စသည့် ပြည်သူအကြည်ညိုပျက်စေမည့် အပြုအမူများကို ရှောင်ကျဉ်နိုင်စွမ်းရှိသည့် သန့်ရှင်းစင်ကြယ်သည့် အစိုးရယန္တရားဖြစ်စေရေးတို့ကို မျက်ခြည်မပြတ် ဦးတည်အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား၊ မှန်ကန်ထက်မြက် သွက်လက်နေမှလည်း ပြည်သူအားလုံးသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အေးချမ်းစိတ်ချစွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ပိုမိုကောင်းမွန်အောင်

ထို့ကြောင့် နိုင်ငံတော်သည် အဖွဲ့အစည်းအလိုက်၊ ဌာနအလိုက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နေသကဲ့သို့ ဖောက်လွှဲဖောက်ပြန်ဖြစ်နေသည့် အကျင့်ပျက်ဝန်ထမ်းတစ်ဦးချင်းကိုလည်း တိကျ ထိရောက်စွာ ဖော်ထုတ်အရေးယူ အပြစ်ပေးခြင်းဖြင့် နိုင်ငံတော်ယန္တရားကြီးကို ပိုမိုကောင်းမွန်အောင် ပြုပြင်လျက်ရှိကြောင်း။

ပြည်သူတို့အပေါ် မောက်မာစွာဆက်ဆံခြင်း၊ အနိုင်အထက်ပြုကျင့်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ကန်သည့် နည်းလမ်းများဖြင့် မလျော်ကန်သည့် သြဇာလွှမ်းမိုးခြင်း၊ လာဘ်ယူခြင်း စသည့် ပြည်သူ့ဝန်ထမ်းများ၏ လွဲမှားမှုများသည် ဥပဒေနှင့်မညီမညွတ်၍ ဥပဒေအရ အရေးယူရခြင်းများသည်လည်း ရှိကြောင်း။

အပြန်အလှန်ထိန်းကျောင်း

မည်သို့ပင်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းများကလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိတို့လုပ်ငန်းတာဝန်များကို လုပ်ကိုင်ဆောင်ရွက်၊ ပြည်သူကို ကျောသားရင်သားမခွဲခြားဘဲ စောင့်ရှောက်ကူညီ၊ ပြည်သူများကလည်း အုပ်ချုပ်ရေး၏ တန်ဖိုးနှင့်အနှစ်သာရကို သိမြင်နားလည်ပြီး ပြည်သူ့ဝန်ထမ်းများကို ပြန်လည်စောင့်ရှောက်ကူညီ၊ ထိုကဲ့သို့ ပြည်သူနှင့် ပြည်သူ့ဝန်ထမ်း အပြန်အလှန်ကူညီစောင့်ရှောက်၊ အပြန်အလှန် ထိန်းကျောင်းခြင်းဖြင့် အုပ်ချုပ်ရေးနှင့် ပြည်သူ တစ်သားတည်းဆက်စပ်သွားသည့်၊ စည်းကမ်းရှိသည့်၊ စစ်မှန်သည့် ဒီမိုကရေစီလူနေမှုဘဝမျိုး ထူထောင်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံများတွင် မိမိတို့၏အုပ်ချုပ်ရေးစနစ်များကို စနစ်တကျ မှန်ကန်စေရန်၊ သွက်လက်မြန်ဆန်စေရန်၊ ပြည်သူများ၏ အကျိုးစီးပွားနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေရန်၊ မိမိ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် မိမိတာဝန်ခံနိုင်သည့် အလေ့အကျင့်ကောင်းများ ထွန်းကားလာစေရန်ဆိုသည့် ရည်မှန်းချက်များဖြင့် ပြုပြင်ပြောင်းလဲမှုများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြကြောင်း။

ပြင်ဆင်ကြိုးပမ်းလုပ်ကိုင်

မိမိတို့နိုင်ငံတွင်လည်း ခေတ်သစ်စနစ်သစ်အတွက် မျှော်မှန်းချက်ကြီးကြီးထားပြီး ပြုပြင်ပြောင်းလဲမှုများ (Restructuring)လုပ်နေသည်မှာ ယခုဆိုလျှင် အဆင့်အမြင့်ဆုံးအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွက်လာစေရန် အမျိုးသားညီလာခံက ပြင်ဆင်ကြိုးပမ်းလုပ်ကိုင်နေသည့်အဆင့် ရောက်ရှိနေပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံ၏ ဆောင်ရွက်ချက်များသည်လည်း ခရီးအတော်ရောက်နေပြီဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွက်လာစေရန် လုပ်ကိုင်ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အရေးအရာအားလုံးကို အခြေခံကျကျ အဆင့်အမြင့်ဆုံး ပြုပြင်ပြောင်းလဲခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ကြောင်း။

ထိထိမိမိ

ထို့ကြောင့် နောင်ပေါ်ပေါက်လာမည့် အခြေခံဥပဒေအရ ဖြစ်ပေါ်လာမည့် အုပ်ချုပ်ရေးယန္တရားကိုမျှော်မှန်းပြီး လိုအပ်သည်များ ကြိုတင်ပြင်ဆင် ကျင့်သားရနေစေရန် တစ်ဖက်ကလည်း မိမိတို့၏ အုပ်ချုပ်ရေးလုပ်ငန်းများကို စနစ်တကျ အရှိန်အဟုန်မပျက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အုပ်ချုပ်ရေးအပိုင်းတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေခြင်းဖြစ်ပြီး နိုင်ငံတော်၏အကျိုးစီးပွား၊ အများပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို ထိထိမိမိ ပိုမိုသယ်ပိုး လုပ်ကိုင်ဆောင်ရွက်နိုင်ရမည့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အခြေတကျ ပိုမိုခိုင်မာစေရမည်ဆိုသည့် ဖြူစင်သည့် စေတနာနှင့်ရော၊ အနာဂတ်မျှော်မှန်းချက်တို့နှင့်ပါ ပေါင်းစပ်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် မိမိတို့အုပ်ချုပ်ရေးအဖွဲ့၏ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို အလေးအနက် တန်ဖိုးထားတတ်ရန် အရေးကြီးကြောင်း၊ ခေတ်သစ် စနစ်သစ်တစ်ခုကို ညင်သာချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် အသွင်ကူးပြောင်းရေး လုပ်ငန်းတာဝန်များကို ကျေပွန်စေရန် အလေးအနက်ထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ခေတ်သစ်ထူထောင်ရေးလုပ်ငန်းသည် မိမိတို့၏ မိခင် ဌာနလုပ်ငန်းနှင့်ဆက်စပ်နေသလို မိခင်ဌာနလုပ်ငန်းထက်လည်း ကျယ်ပြန့်နက်နဲသိမ်မွေ့နေသည် ဖြစ်သည့်အတွက် အုပ်ချုပ်ရေးအဖွဲ့၏ ခေတ်သစ်ထူထောင်ရေးလုပ်ငန်းတာဝန်များကို ကျယ်ပြန့်သည့်အမြင် (Wide View)ကျယ်ပြန့်သည့် အသိပညာ(Wide Knowledge) အခြေခံပြီး မျိုးချစ်စိတ်ဓာတ်ရှိရှိ၊ ကြိုးကြိုးစားစား ထမ်းဆောင်ကြရန် အရေးကြီးကြောင်း။

စုစည်းတာဝန်ယူ

ခေတ်သစ်တစ်ရပ် ထူထောင်နိုင်ရေးအတွက် နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်မှု ခိုင်မာရေးတို့ကို အပြန်အလှန် ညှိနှိုင်းပေါင်းစပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စုစည်းတာဝန်ယူခြင်းတို့ဖြင့် ထိထိမိမိ အကောင်အထည်ဖော်ဆောင်သွားရမည့် အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်ကို လိုလိုလားလားတန်ဖိုးထားပြီး တစ်သားတည်း မှတ်ယူ ထမ်းဆောင် သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်၏ လိုအပ်ချက်အရ သူ့ဌာန၊ ကိုယ့်ဌာနဆိုပြီး ဌာနအသီးသီးကို ပုံသေဖွဲ့စည်းပုံ၊ ပုံသေလုပ်ငန်းတာဝန်များနှင့် ဖွဲ့စည်းထားသည်မှာ မှန်သော်လည်း ဌာနတစ်ခုတည်း တာဝန်ယူဆောင်ရွက်၍ မဖြစ်နိုင်သည့် လုပ်ငန်းကိစ္စများကို ညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော်နိုင်ရေး၊ အနီးကပ်ကြပ်မတ်တွန်းအားပေးနိုင်ရေးတို့အတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ကို ယခုကဲ့သို့ နိုင်ငံတော်ဝန်ထမ်းများ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားရှိခြင်းဖြစ်ကြောင်း။

အလေးဂရုပြု

ဌာနတစ်ခု၏ လိုအပ်ချက်နှင့် အခြားဌာနတစ်ခု၏ လိုအပ်ချက်ကို မှန်ကန်စွာ ညှိနှိုင်းပေါင်းစပ်ပေးရန် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့် ဌာနဆိုင်ရာလိုအပ်ချက်များကို မျှမျှတတ ပေါင်းစပ်ညှိနှိုင်းပေးရန်၊ နိုင်ငံတော်တစ်ရပ်လုံး၏ လိုအပ်ချက်နှင့် နယ်မြေဒေသ၏ လိုအပ်ချက်ကို မျှတစွာ ပေါင်းစပ်ညှိနှိုင်းပေးရန်ဆိုသည့် ကိစ္စများ၊ လိုအပ်သည်တို့ကို ပံ့ပိုးအထောက်အကူပြုပေးရန်ဆိုသည့် ကိစ္စများ၊ အနီးကပ် တိုက်တိုက်တွန်းတွန်း တာဝန်ယူနှိုးဆော်နေရန်ဆိုသည့် ကိစ္စများ၊ လုံခြုံရေးကိစ္စများ၊ ဒေသဖွံ့ဖြိုးရေးကိစ္စများကို မြန်မြန်မှန်မှန် ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးနိုင်ရန် ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့များကို နိုင်ငံတော်၏ အဆင့်အမြင့်ဆုံး အဖွဲ့အစည်းဖြစ်သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တိုက်ရိုက်ဖွဲ့စည်းတာဝန်ပေးထားခြင်းဖြစ်သည်ကို အလေးဂရုပြုကြရန်ဖြစ်ကြောင်း။

ထို့ကြောင့် ရပ်ကွက်၊ ကျေးရွာအဆင့် အပါအဝင် မြို့နယ်၊ ခရိုင်၊ တိုင်းနှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စသည့် အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့များသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြေနှင့် လက်များဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (Special Task Force)များဟုလည်း ခေါ်ဆိုနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်၏ အနေအထားနှင့် ထမ်းဆောင်ရမည့် တာဝန်ခန်းကို ရှင်းရှင်းလင်းလင်း နားလည်ထားရန် အရေးကြီးကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့များကို

စာမျက်နှာ ၅ ကော်လံ ၁ သို့

ခေတ်သစ်တစ်ရပ်ထူထောင်နိုင်ရေးအတွက် နယ်မြေ အေးချမ်းတည်ငြိမ်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်မှု ခိုင်မာရေးတို့ကို အပြန်အလှန် ညှိနှိုင်းပေါင်းစပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စုစည်းတာဝန်ယူခြင်းတို့ဖြင့် ထိထိမိမိ အကောင်အထည်ဖော်ဆောင်သွားရမည့် အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်ကို လိုလိုလားလားတန်ဖိုးထားပြီး တစ်သားတည်းမှတ်ယူ ထမ်းဆောင်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ အထည်အလိပ်စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို အောက်တိုဘာ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျာမနီ၊ ဩစတြေးလျနှင့် ရုရှားတို့မှ ခရီးသွားများလာရောက်ရေး ဖိလစ်ပိုင်ခရီးသွားလုပ်ငန်း မျှော်မှန်းဆောင်ရွက်

မနီလာ အောက်တိုဘာ ၁၁

၂၀၁၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံခြားခရီးသွားများ ငါးသန်းရောက်ရှိမည်ဟု မျှော်မှန်းကြောင်း၊ လာမည့်နှစ်အတွင်း ဂျာမနီ၊ ဩစတြေးလျနှင့် ရုရှားနိုင်ငံတို့မှ ခရီးသွားဧည့်သည်များလာရောက်ရေးမြှင့်တင်ရန် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိကြောင်း အောက်တိုဘာ ၉ရက်က ဖိလစ်ပိုင် ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ယခုအချိန်၌ ထိပ်တန်းခရီးသွားလုပ်ငန်း သုံးနိုင်ငံမှာ ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြောင်း၊ လာမည့်နှစ်တွင် တိုးမြှင့်ဆောင်ရွက်ရန် မျှော်မှန်းထားကြောင်း နိုင်ငံခြားခရီးသွားလုပ်ငန်းမှ အတွင်းရေးမှူး ဂျိုစပက်ချ်ဒွန်နိုက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မျှော်မှန်း

၂၀၀၄ ခုနှစ်၌ ခရီးသွားဧည့်သည်များလာရောက်မှုမှာ မျှော်မှန်းထားသည်ထက် ၂၀ ရာခိုင်နှုန်းပိုမိုခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ၁၄ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ကာ ခရီးသွားဧည့်သည် ၂ ဒသမ ၆၃ သန်း လာရောက်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်အတွက် ခရီးသွားဧည့်သည် ၃ ဒသမ ၅ သန်း ခန့်လာရောက်ရန် မျှော်မှန်းထားကြောင်း ဒွန်နိုက ပြောကြားသည်။

လည်ပတ်

ယခုနှစ်တွင် ဇူလိုင်လအထိ နိုင်ငံခြားခရီးသွားဧည့်သည် ၁ ဒသမ ၆ သန်းခန့် ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တရားမဝင် ဝင်ရောက်လာသူ ဟေတီနိုင်ငံသား ၁၀၈ဦးအား ဒိုမီနီကန်တပ်ဖွဲ့ ဖမ်းဆီး

ဟာဗားနား အောက်တိုဘာ ၁၁

နယ်စပ်ဒေသများတွင် တပ်ဖြန့်ထားသော ဒိုမီနီကန် တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၇ရက် ညနေပိုင်းက အိမ်နီးချင်း ဟေတီသမ္မတနိုင်ငံမှ တရားမဝင် ဝင်ရောက်လာသူ ၁၀၈ ဦးအား ဖမ်းဆီးလိုက်ကြောင်း ရောက်ရှိလာသည့် သတင်းများအရသိရသည်။

တရားမဝင် ဝင်ရောက်လာသည့် ဟေတီနိုင်ငံသားများသည် မြောက်ပိုင်းမြို့တော်ဖြစ်သည့် ဆန်တီယာဂိုဒီလိုကာမြို့သို့ ဘတ်စ်ကားများဖြင့် ခိုးတည်ဝင်ရောက်လာစဉ် ဆေးခြောက် ၁ ဒသမ ၅ ကီလိုနှင့်အတူ ဒိုမီနီကန်စစ်ဘက်က ဖမ်းဆီးမိခဲ့သည်။

ယခု ဖမ်းဆီးမိခဲ့သူများတွင် အမျိုးသား ၁၀၀၊ အမျိုးသမီး ခြောက်ဦးနှင့်ကလေးနှစ်ဦးပါဝင်ကြောင်း၊ ဟေတီနိုင်ငံသားများ ဒိုမီနီကန်သမ္မတနိုင်ငံအတွင်းသို့ ခိုးဝင်လာမှုများ ယခုရက်ပိုင်းအတွင်း ပိုမိုများပြားလာခဲ့သည်။

ယခုသီတင်းပတ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် ဟေတီနိုင်ငံသား ၂၂၃ဦးကို ဖမ်းဆီးခဲ့ကြောင်း ဒိုမီနီကန်စစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံမြောက်ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက် နှစ်ဦးသေဆုံး၊ ၁၂ ဦးဒဏ်ရာရ

မိုဆိုးလ် အောက်တိုဘာ ၁၁

အီရတ်နိုင်ငံမြောက်ပိုင်း တဲလ်အဖာမြို့တွင် အောက်တိုဘာ ၉ရက်က ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်၌ အသေခံကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုဆိုးလ်မြို့ အရှေ့ဘက် ၆၀ကီလိုမီတာအကွာရှိ တဲလ်အဖာမြို့တွင် နံနက် ၇နာရီခွဲခန့်က ဗုံးခွဲသမားသည် ၎င်း၏ပေါက်ကွဲစေသည့် ကားကို အီရတ်ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်သို့ မောင်းဝင်လာပြီး ကားဗုံးဖောက်ခွဲခဲ့ခြင်း ဖြစ်သည်။

ယင်းဖောက်ခွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်း၌ မာရှယ်လောဥပဒေပြဋ္ဌာန်းထားမှု နိုင်ငံရေးတင်းမာမှုလျော့သွားသည်အထိ ဆက်လက်ထားရှိမည်

ဗန်ကောက် အောက်တိုဘာ ၁၁

ထိုင်းနိုင်ငံ၌ နိုင်ငံရေးတင်းမာမှု လျော့ပါးအေးဆေးသွားသည်တိုင်အောင် မာရှယ်လောဥပဒေကို ဆက်လက်ပြဋ္ဌာန်းထားမည်ဖြစ်ကြောင်း အင်္ဂါနေ့က ပထမအကြိမ် အစိုးရအဖွဲ့ဝင် အစည်းအဝေးအပြီးတွင် ထိုင်းဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန်က ထုတ်ဖော်ပြောဆိုသည်။

မိမိတို့သည် ပြည်သူတို့၏ လွတ်လပ်မှုနှင့် အခွင့်အရေးကို အလေးထားကြောင်း၊ သို့သော် နိုင်ငံရေးတင်းမာမှု လျော့ပါးအေးဆေးသွားသည်အထိ မိမိစောင့်ဆိုင်းရမည်ဖြစ်ကြောင်း အချိန်တန်လျှင် မာရှယ်လော ဥပဒေကို အမြန်ဆုံး ရုပ်သိမ်းပေးရန် မိမိတို့ စဉ်းစားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန်က ပြောဆိုသည်ဟု ထိုင်းသတင်းဌာနက ဖော်ပြထားသည်။

သတိပြုမိ

ထိုင်းအစိုးရအဖွဲ့၏ ပထမဆုံးအစည်းအဝေးအပြီး ဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန်က သတင်းစာဆရာများနှင့် တွေ့ဆုံပြောကြားရာ၌ စက်တင်ဘာလ ၁၉ရက် အာဏာသိမ်းပြီးကတည်းက ပြဋ္ဌာန်းခဲ့သည့် မာရှယ်လောဥပဒေမှ လူအများ စိတ်ဝင်တစားဖြစ်လာသည့် ကိစ္စတစ်ခုဖြစ်သည်ကို မိမိတို့ အစိုးရအဖွဲ့က သတိပြုမိကြောင်း၊ မာရှယ်လောဥပဒေ ရုပ်သိမ်းရေးကိစ္စကို အမျိုးသားလုံခြုံရေးဆိုင်ရာ စစ်ဘက်အာဏာပိုင်ကောင်စီ(စီအင်အက်စ်)နှင့်ညှိနှိုင်းဆောင်ရွက်ရန် အစိုးရအဖွဲ့က ဆုံးဖြတ်ထားကြောင်း ထည့်သွင်း ပြောကြားလိုက်သည်။

ပထမအကြိမ်အစိုးရအဖွဲ့ အစည်းအဝေးက အစိုးရ၏ အခြေခံ မူဝါဒနှင့် ပြည်နယ်အများအပြား၌ ရေလွှမ်းမိုးမှု ပြဿနာ ဖြေရှင်းရေး အပါအဝင် အခြားသောအရေးတကြီး ကိစ္စများကို စဉ်းစား ဆွေးနွေးကြ မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ယာဉ်တိုက်မှုဖြစ်ပွား

အာဂျင်တီးနားနိုင်ငံ ဆန်တာဖီပြည်နယ် အဝေးပြေးလမ်းမပေါ်၌ ယာဉ်တိုက်မှု ဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ် ဟူဘိုင်းမြို့ရှိ လက်မှုအနုပညာပစ္စည်း အရောင်းဆိုင်တစ်ဆိုင်တွင် သစ်ကြားသီးခွံများဖြင့် ရေတကောင်း ပြုလုပ်ထားသည်ကို အောက်တိုဘာ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဩစတြေးလျသို့ သွားရောက်လည်ပတ်

ဖနောင်ပင် အောက်တိုဘာ ၁၁

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်သည် ဩစတြေးလျ ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ဒေသဆိုင်ရာလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖနောင်ပင်မြို့မှ ခြောက်ရက်ကြာခရီးအဖြစ် အောက်တိုဘာ ၈ ရက်က ထွက်ခွာသွားသည်။

ထုတ်ပြန်

၎င်းသည် ဆစ်ဒနီ၊ ကင်ဘာရာ၊ မဲလ်ဘုန်းနှင့် ဝက်ဂါမြို့တို့သို့သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးများကောင်စီက သတင်းကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

ပြောကြား

ဝန်ကြီးချုပ်ဟွန်ဆင်သည် ဩစတြေးလျနိုင်ငံ၌ရှိနေစဉ်အတွင်း စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံရေးကိစ္စများကိုလည်း သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း ဟွန်ဆင်၏ အကြံပေးအရာရှိ ဆရေသာမာယောင်က ဆင်ဟွာသို့ ဖုန်းဖြင့် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အာဂျင်တီးနားမြောက်ပိုင်း၌ ယာဉ်တိုက်မှုဖြစ်ပွား

ဗျူနိုစ်အေရိစ် အောက်တိုဘာ ၁၀

အာဂျင်တီးနားနိုင်ငံမြောက်ပိုင်း ဆန်တာဖီပြည်နယ်တွင် အောက်တိုဘာ ၉ ရက်က ယာဉ်တိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

ယာဉ်တိုက်မှုမှာ ဆန်တာဖီပြည်နယ်၏ အဝေးပြေးလမ်းပေါ်တွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ကားတစ်စီးတို့ မျက်နှာချင်းဆိုင်တိုက်မိခြင်းဖြစ်သည်။

ယင်းယာဉ်တိုက်မှုကြောင့် ၁၂ဦး သေဆုံးခဲ့ပြီး တစ်ဒါဇင်ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဆင်းသွယ်လတ်စပါးမျိုးကို စနစ်တကျလုပ်ကိုင်လျှင် ပန်းတိုင်အထွက်နှုန်းပြည့်မီနိုင် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာရောစပ်သုံးစွဲပါက ရင်းနှီးမှုနည်းပြီး အကျိုးစီးပွား တိုးပွား လောင်စာစွမ်းအင်အတွက် ကြံ့စည်းရိုးကြက်ဆူပင်များ သတ်မှတ်ချက်ပြည့်မီအောင် စိုက်ပျိုး

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တနင်္သာရီတိုင်း မြိတ်မြို့သို့ သွားရောက်၍ ၎င်းမှ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ နံနက် ၉ နာရီခွဲတွင် တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့သောင်းမြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာရှိ အကျဉ်းဦးစီးဌာန၏ မိုးစပါးဧက ၂၀ စိုက်ခင်း၌ ကျင်းပသော ယူရီးယား ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ရောစပ်ကြဲပက်ပွဲသို့ တက်ရောက် ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ကော့သောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး စိုးမြင့်က ကော့သောင်းမြို့နယ်၏ ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးစိုက်ပျိုး ပြီးစီးမှုနှင့် ဒေသဝမ်းစာ ဖူလုံမှုအခြေအနေ၊ ဆီအုန်း၊ ရော်ဘာ၊ ကြံ့စည်းရိုး ကြက်ဆူနှင့် ငရုတ်ကောင်း စိုက်ပျိုး ပြီးစီးမှုအခြေအနေ၊ ဒေသဝမ်းစာဖူလုံ ရေးအတွက် တာပတ် လယ်ဧက တိုးတက်စိုက်ပျိုးနိုင်မှုနှင့် အထွက်တိုး ဆင်းသွယ်လတ်စပါးမျိုး တိုးချဲ့စိုက်ပျိုး ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း တိုင်းမန်နေဂျာ ဦးတင်မောင်မြင့်က တနင်္သာရီတိုင်း၏ ဒေသဝမ်းစာ ဖူလုံရေးဆောင်ရွက်မှု၊ သီးနှံအထွက်နှုန်း တိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် ဓာတ်မြေသြဇာနှင့် သဘာဝ မြေသြဇာတို့ကို အချိုးကျကျပေါင်းစပ် အသုံးပြုနိုင်ရန် တောင်သူများအား ပညာပေးရှင်းလင်းပြသ ပံ့ပိုး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက တနင်္သာရီတိုင်း၌ မိုးစပါး ဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုး ဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မိမိတို့နိုင်ငံသည် လယ်ယာ စိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုနိုင်ငံ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့် လယ်ယာစိုက် ပျိုးရေးလုပ်ငန်းကို ဖိဖိစီးစီးလုပ်ကိုင် သွားကြရမည်ဖြစ်ကြောင်း၊ တနင်္သာရီ တိုင်းသည် မိုးစပါးစိုက်ဧက ငါးသိန်း ပြည့်မီအောင် ဆက်လက်တိုးချဲ့စိုက် ပျိုးကြရန် ကျန်ရှိနေသေးကြောင်း၊ စိုက် ဧကများ ပြည့်ဝအောင်မြင်အောင် လုပ်ကိုင်သွားကြရန် တာဝန်ရှိသူအဆင့် ဆင့်တို့ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက် ကြရန်ဖြစ်ကြောင်း၊ ဒေသခံတောင်သူ များ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး အတွက် သရုပ်ပြ ဆောင်ရွက်ပြသ၍ နည်းပညာ ဖြန့်ဝေပေးရန်လိုကြောင်း၊ တနင်္သာရီတိုင်းသည် စိုက်ပျိုးမြေ အတွက် အခက်အခဲရှိခြင်း၊ ရာသီဥတု အနေအထားမှာလည်း စိုက်ပျိုးရေး အတွက် ဖြစ်ထွန်းအောင်မြင်နိုင်သော အခြေအနေမျိုးရှိခြင်းတို့ကြောင့် စိုက် ပျိုးရေးကို လိုသလို တိုးချဲ့နိုင်သည့် အနေအထားတွင်ရှိကြောင်း။

အသိပညာပေး

နိုင်ငံတော်က စပါးအထွက်နှုန်းကို ပန်းတိုင်အထွက်နှုန်းအဖြစ် တစ်ဧက လျှင် တင်း ၁၀၀ သတ်မှတ်ထားရာ တနင်္သာရီတိုင်းအနေဖြင့် ယခုရွေးချယ် စိုက်ပျိုးထားသော ဆင်းသွယ်လတ် စပါးမျိုးကို စနစ်တကျလုပ်ကိုင်သွား ကြလျှင် ပန်းတိုင်အထွက်နှုန်း ပြည့်မီနိုင် ကြောင်း၊ ဓာတ်မြေသြဇာကို သဘာဝ မြေသြဇာနှင့်ရောစပ်၍ အသုံးပြုသွား ကြမည်ဆိုလျှင် ရင်းနှီးမှုအနည်းငယ် ဖြင့် စပါးစိုက်ပျိုးရေးကို အကျိုးစီးပွား တိုးတက်လာအောင် ဆောင်ရွက်နိုင်မည် ကို တောင်သူများသိရှိအောင် အသိ ပညာပေးသွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အကျဉ်းဦးစီးဌာန၏ မိုးစပါးဧက ၂၀ စိုက်ခင်းတွင် ယူရီးယား ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ရောစပ်ကြဲပက်နေမှုနှင့် မိုးစပါးဖြစ်ထွန်း အောင်မြင်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုအားပေးပြီး ခင်းကျင်းပြသထားသော ဓာတ်မြေ သြဇာများ၊ ပိုးသတ်ဆေးများ၊ အပင် ရောဂါများအတွက် ဆေးဝါးများ၊ ဒေသ တွင်း ဖျက်ပိုး ကာကွယ်နှိမ်နင်းဆေး များ၊ ဆင်းသွယ်လတ်စပါးပင်များနှင့် ခြင်းဖြင့် ချင်း(ဂျင်း)စိုက်ပျိုးထားခြင်း ပြကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား စပါးစိုက်ပျိုး ရေးအပြင် လောင်စာစွမ်းအင်အတွက် ကြံ့စည်းရိုး ကြက်ဆူပင်များကိုလည်း သတ်မှတ်ချက်ပြည့်မီအောင် ဆက် လက်စိုက်ပျိုးသွားကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့နယ် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းသို့ သွား ရောက်၍ ကျောင်းခန်းမ၌ ကော့သောင်း မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများ နှင့်တွေ့ဆုံရာ ရှေးဦးစွာ ကော့သောင်း မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီး ဦးမောင် မောင်က ကော့သောင်းခရိုင်၏ ပညာ ရေးအခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ အမှတ်(၁)အခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က နိုင်ငံတော်၏ ပညာ ရေးဆောင်ရွက်ချက်များ၊ ပညာရေး စီမံကိန်းများနှင့် ပညာရည်မြင့်မားရေး အတွက် အကောင်အထည်ဖော် ဆောင် ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီး တည် ဆောက်အံ့ဟူသော ဆောင်ပုဒ်နှင့်အညီ ပညာရေးဝန်ထမ်းများ၏ တာဝန် ကျေပွန်ရေး၊ ဘာသာရပ်အလိုက် သင်ကြားပို့ချသော ဆရာ ဆရာမများ အရည်အချင်း ပိုမိုပြည့်ဝစေရေး၊ မြို့နယ် အဆင့်မှစ၍ ပညာရေးမှူးသည် အခြေခံ ပညာကျောင်းများသို့ ကွင်းဆင်း စစ်ဆေးကြပ်မတ်ရေး၊ တိုင်းအတွင်း ပညာရေးလိုအပ်ချက်များကို အဆင့် ဆင့် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ရေး၊ ဆရာ ဆရာမများ၏ အရည်အသွေး ထက်မြက်နေအောင် ဘာသာရပ်ဆိုင်ရာ အသိပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူး ဆောင်ရွက်ရေး၊ ကျောင်းသူ ကျောင်းသားများ အချိန်ပြည့် ပညာသင်ကြားရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်း မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ မြို့နယ် ရဲတပ်ဖွဲ့ စခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများအား တရားဥပဒေ စိုးမိုးရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက် ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက် ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀)သို့ သွား ရောက် ကြည့်ရှုစစ်ဆေးပြီး ဆေးရုံ ခန်းမ၌ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံရာ ကော့သောင်းခရိုင် ကျန်းမာ ရေးဦးစီးဌာန ဦးစီးမှူး ဆေးရုံအုပ် ဒေါက်တာဉာဏ်ဇော်က ကော့သောင်း ခရိုင်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဆေး ပဒေသာပင် စိုက်ထူထားရှိမှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ခေတ်မီ ဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်အဖြစ် တည် ဆောက်ရာတွင် ကျန်းမာရေးကဏ္ဍသည် အရေးပါကြောင်း၊ ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ် ရေးသည် နိုင်ငံတော်အတွက် အဓိက လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သည် ကျန်းမာရေးကဏ္ဍကို ပိုမိုပြည့်စုံသည်ထက် ပြည့်စုံအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ် ဒေသရှိ တိုင်းရင်းသားများနှင့် အခြေခံ ဖြစ်သော ကျေးလက်နေ ပြည်သူများ အား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူ များအား ဆေးဝါးကုသပေးရုံမဟုတ်ဘဲ ကျန်းမာရေးဆိုင်ရာ အသိဉာဏ် ဗဟု သုတ တိုးပွားအောင် ကျန်းမာရေး ပညာပေးမှုများကို ကျေးလက်အထိ ကွင်းဆင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်း များသည် ပြည်သူ့ဝန်ထမ်းများဖြစ် သည့်အတွက် ပြည်သူတို့၏ အကျိုး စီးပွားကို အလေးထား ဆောင်ရွက်သွား ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်း နှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကော့သောင်း ပြည်သူ့ ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားပြီး ခွဲစိတ်ခန်းမကြီးအတွင်း ခွဲစိတ်ကုသ ပစ္စည်းများ၊ ခေတ်မီ ဆေးဝါးကုသ ပစ္စည်းကိရိယာများအား ကြည့်ရှုစစ်ဆေး ကာ လိုအပ်သည်များကို တာဝန်ရှိသူ များအား မှာကြားသည်။

ရင်းရင်းနှီးနှီး

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကော့သောင်းမြို့ တိုင်းစစ်ဌာနချုပ် ဘုရင့်နောင်ခန်းမ၌ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကား ပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

အစိုးရဌာနတစ်ခုမျိုးအဖြစ် မှတ်ယူထား၍မရဘဲ ဌာနအားလုံးကို ပေါင်းစပ်ကိုယ်စားပြုထားသည့် အထူးအုပ်ချုပ်ရေးအဖွဲ့အစည်းမျိုးအဖြစ်သာ မှတ်ယူအပ်ကြောင်း။

စေတနာတရား

ယနေ့ခေတ်တွင် တိုင်းပြည်အတွက် ခိုင်ခိုင်မြဲမြဲ လုပ်သင့်လုပ်ထိုက်သည်တို့ကို ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်မပေးခဲ့ပါက တိုင်းပြည်၏ နောင်ရေးအတွက် တာဝန်မကျေရာရောက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ ပေးအပ်သည့်တာဝန်ကို အသိတရား၊ စေတနာတရားနှင့်ယှဉ်ပြီး ထမ်းဆောင်သွားရန် အရေးကြီးဆုံးဖြစ်ကြောင်း။

ပြည်သူကို ကူညီစောင့်ရှောက်လိုစိတ်၊ နိုင်ငံနှင့် လူမျိုးကို ချစ်သည့်စိတ်၊ ပြည်ထောင်စုကြီးကို မြတ်နိုးတွယ်တာသည့်စိတ် စသည့် စိတ်ဓာတ်ကောင်းများ ရှင်သန်ခိုင်မာနေရန်၊ မိမိကိုယ်ကို အမြဲလေ့ကျင့်ပျိုးထောင်နေရန် လိုအပ်သလို လုပ်ပိုင်ခွင့်အာဏာနှင့်ယှဉ်တွဲပြီး ပေါ်ပေါက်လာတတ်သည့် ဖောက်လွဲဖောက်ပြန်မှုများ၊ အကျင့်ပျက်မှုများ၊ ပြည်သူများအပေါ် အထင်မြင်သေးမှုများ၊ ဖိစီးမှုများ လုံးဝမပြုလုပ်မိစေရန် အမြဲသတိထား ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း။

အမြဲဆန်းစစ်ပြုပြင်

ထိုကဲ့သို့ ဖောက်လွဲဖောက်ပြန်ဖြစ်နေတာမျိုးကိုလည်း နိုင်ငံတော်နှင့် ပြည်သူ ပူးပေါင်းပြီး ပြုပြင်ထိန်းကျောင်းသွားကြမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့် ပြည်သူ အလှမ်းမဝေးစေရန် အုပ်ချုပ်ရေးအပိုင်းက ကြိုးစားကြရမည်ဖြစ်သလို ပြည်သူအပိုင်းကလည်း ကြိုးစားကြရမည်ဖြစ်ကြောင်း၊ အများပြည်သူအတွက် အစိုးရ၏လုပ်ဆောင်ချက်များအပေါ် ပြည်သူများ၏ နှလုံးသားတွင် စွဲမြဲတန်ဖိုးထားလာစေရန် အမြဲဆန်းစစ် ပြုပြင်ကြိုးစားနေကြရမည်ဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ရစ်ပတ်နှောင်ဖွဲ့ပြီး လက်တွေ့ဘဝနှင့် ကင်းကွာမနေစေရန်၊ စာအုပ်ကြီးသမားမဖြစ်စေရန် ထိန်းသိမ်းရမည်ဖြစ်သလို လုပ်ငန်းဆောင်ရွက်ရာတွင် စည်းမရှိ၊ ကမ်းမရှိ၊ စနစ်မရှိ၊ စည်းလွတ်ဝါးလွတ်ဆောင်ရွက်ခြင်းမျိုး မဖြစ်စေရန်၊ စည်းကမ်းစနစ်ကိုလည်း လေးစားလိုက်နာရန် လိုအပ်သည်မှာ အမှန်ဖြစ်ကြောင်း၊ စေတနာနှင့် အသိမှန်ကန်သလို အလုပ်မှန်ကန်ရန်လည်း လိုအပ်နေသည်မှာ ဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်း

ယနေ့အထိ နိုင်ငံတော်သည် အုပ်ချုပ်ရေးလုပ်ငန်းများနှင့်ရော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစီးဦးဆောင် တာဝန်ယူလုပ်ကိုင်နေပြီး ၎င်းတို့အပေါ်၌ အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်က အလိုက်သင့် နာခံအကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ တိုးတက်သင့်သလောက်လည်း တိုးတက်နေပြီး ခေတ်မီဖွံ့ဖြိုးမှုအတွက် အမှန်လိုအပ်သည့်အခြေခံကောင်းများသည်လည်း ပြည့်စုံလုနီးပါး ထူထောင်ထားပြီးဖြစ်ကြောင်း၊ ယင်းအခြေခံကောင်းများကို မှန်မှန်ကန်ကန်၊ ထိထိရောက်ရောက် အသုံးချနိုင်ရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကိုလည်း တစ်ပါတည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ အချိန်အခါ၊ အခြေအနေမျိုးတွင် တိုင်းရေးပြည်ရေး၊ နိုင်ငံ့အရေးအရာများတွင် အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်၏ တာဝန်သိတတ်မှု၊ တာဝန်နားလည်မှု၊ ကြိုးကြိုးစားစား ရှေ့ဆောင်ရှေ့ရွက်ပြုမှု၊ တီထွင်ကြံဆလုပ်ကိုင်မှုတို့ဖြင့် နိုင်ငံတော်အပိုင်းကို ပြန်လည် အထောက်အကူပြုနိုင်စွမ်းရှိရတော့မည်ဖြစ်ကြောင်း၊ အထက်အဖွဲ့အစည်းနှင့် အောက်ခြေအဖွဲ့အစည်းအကြားတွင် သဟဇာတရှိရှိ၊ နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာရတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထူးသဖြင့် အောက်ခြေအုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်သည် နယ်မြေဒေသ အဆင့်အလိုက် ဦးစီးတာဝန်ယူနေကြရခြင်းဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တာဝန်ပေးမှ လုပ်ကိုင်တာမျိုး၊ ပေါ်ပင်လုပ်ငန်းကိုသာ လုပ်ကိုင်ပြတာမျိုးမဖြစ်စေဘဲ စနစ်တကျ မှန်မှန်ကန်ကန် နိုးနိုးကြားကြားလုပ်ကိုင်ပြီး တိုင်းပြည်တွင် စနစ်ကျန မှန်ကန်သွက်လက်သည့် အုပ်ချုပ်ရေးယန္တရား၊ ပြည်သူများက လေးစားအားကိုးယုံကြည်သည့် အုပ်ချုပ်ရေးယန္တရား ခိုင်ခိုင်မာမာဖြစ်တည်နေစေရန် အားထုတ်ကြိုးပမ်းကြရန် မှာကြားလိုကြောင်း ပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ ဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံး(DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရှေ့ပြည်အေး (MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့်သဘာပတိ အဖွဲ့ဝင်များအား တွေ့ရစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

တက်ရောက်လေ့လာ

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူး Col. Ngi Vanndim ဦးဆောင်သည့် အိန္ဒိယသမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံတို့မှ စစ်သံမှူးများ တက်ရောက်လေ့လာကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

လိုက်လံနှုတ်ဆက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမကျင်းပမီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပပုံများကို တက်ရောက်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအဖွဲ့နာယကနှင့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သဘာပတိ

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လောက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဒေါက်တာကံဇော်၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစံသာအောင်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစိုင်းတင့်အောင်၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်မျိုးဝင်း၊အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှမြင့်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှတင်နှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၃ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ ၂၆ရှိ၍ အမျိုးသားညီလာခံစုံညီ အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ကောက်နုတ်စုစည်းတင်ပြကြရာ ရှေးဦးစွာ အလှည့်ကျ သဘာပတိ အဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဒေါက်တာကံဇော်က ပြည်ထောင်စုလွှတ်တော်နှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

(သဘာပတိအဖွဲ့ဝင် ဒေါက်တာကံဇော်၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

ယင်းနောက်အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက်၉နာရီတွင် ခေတ္တရပ်နားသည်။

ကောက်နုတ်စုစည်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက်၁၀နာရီတွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလုပ်ကျ သဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ဆက်လက် ကောက်နုတ်စုစည်းတင်ပြရာ၌ သဘာပတိ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လောက ပြည်ထောင်စုလွှတ်တော်နှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

(သဘာပတိ ဦးထွန်းရင်လော၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ အလုပ်ကျသဘာပတိအဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစံသာအောင်က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့်စပ်လျဉ်း၍ ဆက်လက်ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက်၁၁နာရီတွင် ခေတ္တရပ်နားသည်။

ဆက်လက်တင်ပြ

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ဆက်လက်ကောက်နုတ်စုစည်းတင်ပြရာ၌ အလုပ်ကျ သဘာပတိအဖွဲ့ဝင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အလုပ်ကျသဘာပတိအဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစိုင်းတင့်အောင်က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့်စပ်လျဉ်း၍ ဆက်လက်ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို မွန်းလွဲ၁နာရီ မိနစ်၂၀တွင် ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို မွန်းလွဲ၁နာရီ မိနစ်၄၀တွင်ဆက်လက်ကျင်းပရာ အစီအစဉ်အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ဆက်လက် ကောက်နုတ် စုစည်းတင်ပြရာ၌ အလုပ်ကျသဘာပတိအဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်မျိုးဝင်းက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အလုပ်ကျ သဘာပတိအဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှမြင့်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

(သဘာပတိအဖွဲ့ဝင် ဦးစံသာအောင်၊ ဦးမောင်လှ(ခေါ်)ဦးလှမြင့်၊ ဦးစိုင်းတင့်အောင်၊ ဦးကျော်မျိုးဝင်းနှင့် ဦးလှမြင့်တို့၏ ဖတ်ကြားတင်ပြချက်များကို ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။)

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို မွန်းလွဲ၂နာရီခွဲတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို အောက်တိုဘာ၁၂ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ညီလာခံ ကိုယ်စားလှယ်များ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသား ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်း စပိန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၀၆ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မီဂဲ(လ်)အင်ဂျဲ(လ်)မိုရာတီနော့(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရှာရန်ရာနှုန်း၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

အလုပ်ကျသဘာပတိ အဖွဲ့ဝင်များ၏ ဖတ်ကြားတင်ပြချက်များကို ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၁ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အလုပ်ကျ သဘာပတိအဖွဲ့ဝင် ငါးဦးတို့၏ ဖတ်ကြားတင်ပြချက်များကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အမေရိကန်က မြန်မာ့ပြည်တွင်းရေးစွက်ဖက်ရန် ကုလကိုအသုံးချ လုံခြုံရေးကောင်စီအာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက် နိုင်ငံသားအားလုံး၏ ဒို့တာဝန်အရေး(၃)ပါးကိုထိပါးစော်ကား

သံတောင်မြို့နယ် အထူးဒေသငြိမ်းချမ်းရေးအဖွဲ့က ကန့်ကွက်ရှုတ်ချ

နေပြည်တော် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် သံတောင်မြို့နယ် အထူးဒေသငြိမ်းချမ်းရေးအဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

သံတောင်မြို့နယ်အထူးဒေသငြိမ်းချမ်းရေးအဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်

၁။ ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံ ပြည်တွင်းရေးကိစ္စများသည် ဒေသအတွင်း မတည်ငြိမ်မှုကိုဖြစ်ပွားစေပြီး နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံမှုကိုထိခိုက်လာနိုင်ကြောင်း၊ လုံခြုံရေးကောင်စီ၏ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန်တင်ပြခဲ့သဖြင့် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံအခြေအနေ ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ထိုဆုံးဖြတ်ချက်သည် အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရေး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ ယခုအခါတွင် ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ ပြောင်းလဲနေသော ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီစနစ်ဖော်ဆောင်မှု၊ နိုင်ငံတော်၏ ရရှိထားသော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုများ၊ နိုင်ငံတော်က မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ နိုင်ငံတော်ရှိ လူတန်းစားအသီးသီးကိုအခြေခံ၍ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကိုလည်းကောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကိုလည်းကောင်း ပျက်စီးယိုယွင်းစေရန် ထိပါးစော်ကားလာခြင်းသာဖြစ်ကြောင်း မိမိတို့အဖွဲ့အစည်းအနေဖြင့် ယုံကြည်ပါသည်။

၃။ လက်တွေ့တွင် မိမိတို့နယ်မြေအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ခေတ်အဆက်ဆက်က မရရှိခဲ့သေးသည့် တည်ငြိမ်အေးချမ်းမှုကို ပြည်သူအားလုံး ခံစားလျက်ရှိနေကြသည်မှာ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံအများအပြားက အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။ ထိုတည်ငြိမ်အေးချမ်းမှုရှိနေသော နိုင်ငံတစ်ခုအနေဖြင့် ပြည်ပနိုင်ငံများက လုံခြုံရေးကို ထိခိုက်လာနိုင်စရာအကြောင်း မရှိကြောင်း ယုံကြည်ပါသည်။

၄။ အထက်ပါ ဖော်ပြချက်များကြောင့် အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်လိုသောအကြံဖြင့် ကုလသမဂ္ဂကို အသုံးချ၍ မြန်မာနိုင်ငံအား ဖိအားပေးရန် ဆောင်ရွက်ချက်ဖြစ်သည့် မြန်မာနိုင်ငံအခြေအနေ ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးမှုအစီအစဉ်ကို သံတောင်မြို့နယ် အထူးဒေသငြိမ်းချမ်းရေးအဖွဲ့က လုံးဝ(လုံးဝ)ကန့်ကွက်ရှုတ်ချပါကြောင်း ကြေညာအပ်ပါသည်။

ဦးစောသန်းမြင့်	**ဦးစောဂွယ်မှူး**
(ဒု–ဥက္ကဋ္ဌ)	**(ဥက္ကဋ္ဌ)**
သံတောင်မြို့နယ် အထူးဒေသငြိမ်းချမ်းရေးအဖွဲ့	**သံတောင်မြို့နယ် အထူးဒေသငြိမ်းချမ်းရေးအဖွဲ့**
ဌာနချုပ်ရုံး၊ ငြိမ်းချမ်းရွာ၊ ကရင်ပြည်နယ်	**ဌာနချုပ်ရုံး၊ ငြိမ်းချမ်းရွာ၊ ကရင်ပြည်နယ်**

ရင်းရင်းနှီးနှီး နှုတ်ဆက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို လေ့လာရန် တက်ရောက်လာကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအား အမျိုးသားညီလာခံကိုယ်စားလှယ်များက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့ လစ်လပ်စေကာမူ ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိ

● *ကျော်ဖုံးမှ*

ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များကို ဖတ်ကြားတင်ပြခဲ့ပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များနဲ့စပ်လျဉ်းပြီး အစုအဖွဲ့များ၊ ညီလာခံကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကာ အကြံပြုစာတမ်းများကိုပြုစုပြီး အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ ဖတ်ကြားတင်ပြခဲ့ကြပြီး ဖြစ်ပါတယ်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးများမှာ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် တင်ပြခဲ့ကြတဲ့ အကြံပြုချက်စာတမ်းများဟာဆိုရင်–

- (က) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့က (၇)စောင်
- (ခ) ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က (၄)စောင်
- (ဂ) တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က (၁)စောင်
- (ဃ) တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က (၁)စောင်
- (င) အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က (၁)စောင်
- (စ) အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က (၁)စောင်
- (ဆ) နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က (၁)စောင်
- (ဇ) အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က (၁)စောင်

စုစုပေါင်း (၁၇)စောင် ဖြစ်ပါတယ်။

အဲဒီအကြံပြုချက်စာတမ်းတွေကိုလည်း အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးမှာ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်အချို့တို့က ဖတ်ကြားတင်ပြခဲ့ကြတာ ညီလာခံကိုယ်စားလှယ်များအားလုံး ကြားသိကြပြီးဖြစ်ပါတယ်။ အဲဒီအကြံပြုချက် စာတမ်းများပါ အကြံပြုတင်ပြချက်များအပေါ် အမျိုးသားညီလာခံ စုံညီသဘာပတိအဖွဲ့ရဲ့ ကောက်နုတ်စုစည်းချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့က ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်းမှာ ပါဝင်မယ့် ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနဲ့စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

၁။ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေး စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပရမည်။

၂။ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယကက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

၃။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်။

(က) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် နာယကက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဃ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) ပြည်ထောင်စုလွှတ်တော်နာယကက ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

၄။ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပနိုင်သည်။

၅။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော် သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၆။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံကတောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော် နာယကက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်း ကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်။

၈။ (က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင်အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် နာယကတာဝန်ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက် ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့်ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စု လွှတ်တော်နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော် နာယက က သက်ဆိုင်ရာလွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့်ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

၁၀။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော် လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေး တွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန်ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ (က) ပြည်ထောင်စုလွှတ်တော်သည် “ပြည်ထောင်စုဥပဒေပြုစာရင်း” တွင် ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု တစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်၊

(ခ) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသား လွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

၁၃။ (က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စု လွှတ်တော်က ပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ(ဂ) သို့မဟုတ် (ဃ)အရ ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

၁၄။ ပြည်ထောင်စုလွှတ်တော်သည်–

(က) နိုင်ငံတော်သမ္မတကတင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

(ခ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သော စာချုပ် သို့မဟုတ် သဘောတူညီချက် အမျိုးအစားကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတအား လုပ်ပိုင်ခွင့်လွှဲအပ်နိုင်သည်။

၁၅။ (က) ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၂) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့်အခါ–

(၁) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြုမပြု ဆုံးဖြတ်ရမည်၊

(၂) အတည်ပြုရန်ဆုံးဖြတ်ပါက ယင်းအမိန့်ဆက်လက် အာဏာတည်ရမည့် အချိန်ကာလကို သတ်မှတ်ပေးရမည်၊

(၃) အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

၁၆။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် “ပြည်ထောင်စု ဥပဒေပြုစာရင်း”တွင်ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရ အသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၇။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင် ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့်ရှိသည်။

၁၈။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန်လိုအပ်ပါက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်း လမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်။

၁၉။ ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

၂၀။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန်သတ်မှတ်ထားသည့် ကာလအတွင်း မိမိ၏သဘောထား မှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်။

(ဂ) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်းမပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း မပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၁။ (က) နိုင်ငံတော်သမ္မတထံပေးပို့ထားသော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့လျှင် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်များကို ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံ၍ ဥပဒေကြမ်းကို ပြင်ဆင်ရန် ဆုံးဖြတ်နိုင်သည်။ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုရန် ဆုံးဖြတ်နိုင်သည်။

(ခ) နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော ဥပဒေကြမ်း သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်ကိုလက်မခံဘဲ မူလအတိုင်း အတည်

ပြုသော ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အခါ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်က ပြန်လည်ပေးပို့သော ဥပဒေကြမ်းကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်သမ္မတကလက်မှတ်ရေးထိုးခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့် နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၂။ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၂၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

၂၄။ ပြည်ထောင်စုလွှတ်တော်နာယကသည်–

(က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

၂၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။

၂၆။ (က) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်တွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၂၇။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တက်ရောက်နေသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ ပြည်ထောင်စု လွှတ်တော်နာယက၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြရမည်။ ပြည်ထောင်စုလွှတ်တော် နာယက၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

၂၈။ ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ"ဟု လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် ပြည်ထောင်စု

ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပနိုင်

လွှတ်တော်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်အပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

X X X X X X

"ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်မရှိဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်းများစွာ တစ်ဆက်တည်းပျက်ကွက်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနဲ့ စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စုလွှတ်တော်နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော်နာယကက သက်ဆိုင်ရာလွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ"ဟု ပါရှိပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ မှန်မှန်တက်ရောက် တာဝန်ထမ်းဆောင်ရန် တာဝန်ရှိသကဲ့သို့ မလွှဲမရှောင်သာသည့်အကြောင်းများကြောင့် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်ပါက သက်ဆိုင်ရာလွှတ်တော် နာယကထံ ခွင့်ပန်ကြားရန် လိုအပ်သည်မှာ မှန်ကန်ပါသည်။ သို့ရာတွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတစ်ဝန်း ဒေသသီးသီး၌ နေထိုင်လျက်ရှိနေပါသည်။ ဆက်သွယ်ရေးစနစ်များ အလွန်တိုးတက်ကောင်းမွန်နေသည့် ခေတ်ကြီးဖြစ်သော်လည်း ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝအတားအဆီးများနှင့် အခြားမမျှော်မှန်းနိုင်သည့် အကြောင်းများနှင့် တွေ့ကြုံနေရပါက သက်ဆိုင်ရာ လွှတ်တော်၏ ခွင့်ပြုချက်ရယူရန် သတ်မှတ်ခွင့်ပြုထားသည့် ၁၅ ရက်အတွင်း အချိန်မီဆောင်ရွက်ရန် အခက်အခဲ ရှိနိုင်ပါသည်။

မိမိ၏ပယောဂကြောင့် မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့် ဖြစ်ရပ်များကြောင့် သတ်မှတ်ကာလအတွင်း အချိန်မီ ခွင့်ပြုချက်မရယူနိုင်မှုကြောင့်အရေးယူခံရမည်ဆိုပါက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်အတွက်သာမက နိုင်ငံတော်အတွက်ရော မဲဆန္ဒရှင် ပြည်သူများအတွက်ပါ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ သို့ဖြစ်၍ ခွင့်ပန်ကြားရန် အချိန်ကာလ သတ်မှတ်ချက်ကို ၁၅ ရက်အစား ရက်ပေါင်း ၃၀ အထိ တိုးမြှင့်ရေးကို စဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါသည်"ဟု လည်းကောင်း။

X X X X X X

"ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး–

'(က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှု ရှိရပါမည်။

(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးပါ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် အပိုဒ်ခွဲ (ဂ) သို့မဟုတ်(ဃ) အရ ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း မပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ"ဟု ပါရှိပါသည်။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို ပြည်ထောင်စုအဖွဲ့အစည်း တစ်ရပ်ရပ်အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်မှု၊ ယင်းသို့အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲချက်များရှိပါက ပြင်ဆင်၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်ခွင့်တို့မှာ လျော်ကန်သင့်မြတ်ပါသည်။

သို့ရာတွင် အပိုဒ်ခွဲ(င)အရ အကယ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ပြုလုပ်ခဲ့ပါက ထိုသို့ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရဟု ပါရှိပါသည်။ ယင်းသို့ ချွတ်ချော်တိမ်းစောင်းခြင်းများအတွက် တာဝန်ရှိမှုအပိုင်း ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ယခုကဲ့သို့သော တိမ်းစောင်းမှုများ၏ အကျိုးဆက်များသည် နိုင်ငံနှင့်ပြည်သူတို့အတွက် များစွာထိခိုက်နစ်နာဖွယ်ရှိပါသည်။

သို့ဖြစ်ရာ ယင်းကဲ့သို့ မှားယွင်းဆောင်ရွက်မှုများသည် သဘောရိုးဖြင့် မှားယွင်းဆောင်ရွက်ခဲ့ခြင်း ဟုတ်၊ မဟုတ်နှင့် ထိုကဲ့သို့ မှားယွင်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ထိခိုက်ဆုတ်ယုတ်စေခြင်းရှိ၊ မရှိဟူသော အချက်များကိုပါ လေ့လာစိစစ်ဆောင်ရွက်မှုများ ပြုလုပ်သင့်သည်ဟု သဘောရရှိပါသည်"ဟု လည်းကောင်း။

X X X X X X

"ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးပြောဆိုခွင့်များနှင့် စပ်လျဉ်းပြီး–

(က) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ပူးပေါင်းကော်မတီတို့တွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်တွင် လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့် (ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ၎င်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်"ဟု ပါရှိပါသည်။

ဖော်ပြပါအချက်များသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဖိတ်ကြား၍ တက်ရောက်သူများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် လွတ်လပ်စွာ ဆွေးနွေးပြောဆိုခွင့်များကို ခွင့်ပြုထားခြင်းဖြစ်ပြီး ကိုယ်ထိလက်ရောက် ကျူးလွန်မှုများကိုမူ တည်ဆဲဥပဒေများအရ အရေးယူရန်သတ်မှတ်ချက်မှာ ပြည်ထောင်စုလွှတ်တော်၏ ဂုဏ်သိက္ခာညှိုးနွမ်းစေမှုကို မဖြစ်ပေါ်စေရန် တားဆီးရာ၌ အထောက်အကူဖြစ်စေနိုင်သည်ဟု သဘောရရှိပါသည်။

သို့ရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ ဦးစွာပထမ အရေးယူသင့်ပါသည်။ ထိုကဲ့သို့အရေးယူရာတွင် တည်ဆဲဥပဒေများအရ အရေးယူသင့်သည့်သူများအား ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ အရေးယူမှုအပြင် တည်ဆဲဥပဒေများအရပါ ဆက်လက်အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားသင့်ပါသည်။ သို့ဖြစ်၍ ကိုယ်ထိလက်ရောက်ကျူးလွန်သူများအား ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ပါ အရေးယူဆောင်ရွက်နိုင်ရေးအတွက် အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရေးသားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်–

"(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်"ဟုလည်းကောင်း။

X X X X

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက အကြံပြုတင်ပြသွားတာကို တွေ့ရှိရပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများအားရည်စူး၍ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် ဥမ္မာလမ်း အမှတ် ၅၆၈ နေ ဦးကျော်–ဒေါ်ကြည်ကြည်၊ သားသမီးများဖြစ်ကြသော မောင်လှမိုးအောင်၊ မောင်ကျော်ဆန်း–မစုစုကြည် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယက အကျိုးဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

မြေနီကုန်းဓမ္မာရုံ တရားပွဲ

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံ၌ အထူးတရားပွဲများ ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၁၉ ရက်တွင် အရှင်သိရိန္ဒာဘိဝံသ တိပိဋကဓရ (ယော) ဆရာတော်၊ ၂၀ ရက်၌ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ တိပိဋကဓရ၊ ၂၁ ရက်တွင် အရှင်ခေမာ သိရီလင်္ကာရ (သီတဂူ ကြာတပွင့်–ရွှေပြည်ဟိန်း)၊ ၂၂ ရက်၌ ဒေါက်တာ အရှင်ကောဝိဒ (မဇ္ဈိမ ဂုဏ်ရည်)၊ ၂၃ ရက်တွင် အရှင်ခေမိန္ဒ၊ စစ်ကိုင်းဆရာတော်တို့က ည၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

သံအမတ်ကြီး ဦးစိုးနွယ် ခန့်အပ်လွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၂

ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ဘဲလ်ဂရိတ်မြို့၌ ဆားဗီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ ဘောရစ်(စ်)တာဒစ်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးထိန်ဝင်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၂

အာဂျင်တီးနား သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးထိန်ဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ဘူနိုဇာရေးစ်မြို့၌ အာဂျင်တီးနားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဒယ်နီယာ အော့စ်ဗာလ်ဒို စကီအိုလီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

လွှတ်တော်များမှာ ဆန္ဒမဲပေးဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းဟာ အရေးကြီးတဲ့လုပ်ငန်းဖြစ်ပြီး ဒီမိုကရေစီစနစ်ရဲ့အခြေခံတစ်ရပ်ဖြစ်

❒ *ကျော်ဖုံးမှ*

အသေးစိတ် အခြေခံရမည့်မူ(၂၃)ချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”

x x x x x x

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့မြို (ခေါ်) ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့က–

x x x x x x

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများနဲ့ စပ်လျဉ်းလို့ စုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို သုံးသပ် လေ့လာမှုပြုတဲ့ အခါမှာ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်တဲ့ အချက်(၂၈)ချက်ကို လေ့လာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ ပြည်ထောင်စုလွှတ်တော် ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းအတွက် စုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူချမှတ်ရန် သင့်၊ မသင့် အချက်(၂၈)ချက်ဟာ ပြည့်စုံလျော်ကန်၍ သင့်မြတ်မှုများရှိကြောင်း တွေ့ရှိရပါတယ်။

သို့ပါ၍ အခြားဆွေးနွေးစရာမရှိပါ။ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း”

x x x x x x

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

x x x x x x

“အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်းများအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားချက်များဟာ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ ယခင်ကျင့်သုံး လုပ်ဆောင်ခဲ့သော လုပ်ငန်းများနဲ့ ပတ်သက်ပြီး ဆက်စပ်ဆက်နွှယ်မှုရှိတဲ့ ဥပဒေအကြောင်းအရာအချက်အလက်များကို ထုတ်နုတ်ရှင်းလင်းတင်ပြခြင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အရသော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတို့ရဲ့ ယင်းတို့ကျင့်သုံးလုပ်ဆောင်ခဲ့သော လုပ်ငန်းများနဲ့ ဆက်စပ်ဆက်နွှယ်မှုရှိတဲ့ အချက်အလက်များကို ထုတ်နုတ်ပြီး ရေးသားဖော်ပြခြင်းကြောင့် ပြည်ထောင်စုလွှတ်တော်နဲ့ စပ်လျဉ်းပြီး အသေးစိတ်မူ အဖြစ် ချမှတ်ထားတဲ့ မူအမှတ်(၁)မှ (၂၈)အထိ အချက်အလက်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံမူအဖြစ် ချမှတ်ထားတဲ့ မူအမှတ်စဉ်(၁)မှ (၁၉)အထိ အချက်အလက်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့နဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံမူအဖြစ် ချမှတ်ထားတဲ့မူ အမှတ်စဉ်(၁)မှ (၂၃)အထိ အချက်အလက်များကို အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်ထားသင့်ပါကြောင်း”

x x x x x x

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

x x x x x x

“ယင်းဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအသီးသီးတို့နဲ့စပ်လျဉ်းလို့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက စိတ်ရှည်လက်ရှည်၊ အသေးစိတ်အကျယ်တဝင့် ပြည့်ပြည့်စုံစုံပြီးပြည့်စုံစွာ ရှင်းလင်းပြောကြားချက်များအပေါ် ထပ်မံဖြည့်စွက်အကြံပြုဆွေးနွေးရန်မရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအတွက် အသေးစိတ်အခြေခံရမည့်မူ (၂၈)ချက်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမယ့်မူ (၁၉)ချက်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမယ့်မူ (၂၃)ချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများ အဖြစ် ချမှတ်သင့်ပါကြောင်း”

x x x x x x

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

x x x x x x

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များပါ လွှတ်တော်များရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ဆက်သွယ်မှုဆိုင်ရာလုပ်ငန်းများအပိုင်းပါ အသေးစိတ်အခြေခံရမည့်မူများဟာ ကျစ်လျစ်ခိုင်မာပြီး လွှတ်တော်များအချင်းချင်း(လွှတ်တော်တစ်ရပ်နှင့်တစ်ရပ်အကြား) လုပ်ငန်းများ စနစ်တကျဆက်သွယ်ထားရှိတဲ့အတွက် ယနေ့မျက်မှောက် နိုင်ငံတကာရေးရာများ၊ ဒေသတွင်းနိုင်ငံရေး၊ လူမှုရေးအခြေအနေများ၊ လက်ရှိဖြစ်ပေါ်နေသည့် ပြည်တွင်းအခြေအနေများနှင့် သဟဇာတဖြစ်ပြီး ပြည့်စုံခိုင်မာမှုရှိကြောင်း သုံးသပ်ရရှိတဲ့အတွက် ဖြည့်စွက်အကြံပြုရန်မရှိပါကြောင်း ပြောကြားလိုပါတယ်။

သို့ပါ၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များပါ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များရဲ့ လွှတ်တော်လုပ်ငန်းတာဝန်များ၊ လွှတ်တော်ကိုယ်စားလှယ်များ စောင့်ထိန်းရမည့်စည်းမျဉ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များအား အရေးယူခြင်းဆိုင်ရာ အကြောင်းအရာများသည် ကြောင်းကျိုးဆီလျော်မှုရှိကြောင်း သဘောထားရရှိသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”

x x x x x x

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

x x x x x x

“ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများ စုစည်းချက်အပိုဒ်(၁)မှ (၂၈)အထိချမှတ်ပေးထားသည့် အချက်အလက်များမှာ လျော်ကန်သင့်မြတ်ပါသည်ဟု သဘောရရှိပါသဖြင့် အဆိုပါအချက်(၂၈)ချက်အား ပြည်ထောင်စုလွှတ်တော်ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”

x x x x x x

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသောအကြံပြုချက်စာတမ်းလေးစောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်တဲ့ ယင်းတို့ရဲ့နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။

ယင်းဆွေးနွေး တင်ပြချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

x x x x x x

“ကျွန်တော်တို့၏တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်းပြီး ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၃ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အကျယ်တဝင့် အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များဟာ ပြီးပြည့်စုံပြီးဖြစ်တဲ့အတွက် သီးခြားထပ်မံအကြံပြုတင်ပြရန်မရှိပါ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း ချမှတ်သင့်ပါကြောင်း”

x x x x x x

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

x x x x x x

“ပြည်ထောင်စုလွှတ်တော်မှာ ကိုယ်စားလှယ်နေရာအချို့လစ်လပ်နေစေကာမူ ပြည်ထောင်စု လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးနှင့် လွှတ်တော်အစည်းအဝေးသို့ တရားဝင် တက်ရောက်ခွင့်မရှိသူ တစ်ဦးဦးက ပြည်ထောင်စု လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စု လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ”ဆိုတဲ့အချက်နဲ့စပ်လျဉ်းပြီး သတိပြုသင့်တဲ့ အချက်တစ်ချက်အား အကြံပြု ဆွေးနွေးတင်ပြလိုပါတယ်။

x x x x x x

x x x x x x

“နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းအတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က နိုင်ငံတော်ရဲ့ နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေး အတွက် ဆောင်ရွက်စရာရှိရင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်ရဲ့ ထောက်ခံဆန္ဒမဲ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ထက်ဝက်ကျော်ရဲ့ ထောက်ခံဆန္ဒမဲ၊ အဲဒီလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်ရဲ့ ထောက်ခံဆန္ဒမဲရရှိမှသာ ဆောင်ရွက်နိုင်တယ်။ တကယ်လို့ ထောက်ခံမဲထက်ဝက်ကျော်စီ မရရှိကြဘူးဆိုရင် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထားကိုရယူရမယ်။ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းရဲ့ လေးပုံသုံးပုံအထက် ထောက်ခံမှသာ နိုင်ငံတော် နယ်နိမိတ်ပြင်ဆင်ရေးကို ဆက်လက်ဆောင်ရွက်ရမယ်ဆိုပြီး အသေးစိတ်အခြေခံရမယ့်မူချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ပြင်ဆင် သတ်မှတ်ရေးနဲ့ စပ်လျဉ်းလို့လည်း ပြည်ထောင်စုအစိုးရရဲ့ အဆုံးအဖြတ် လိုအပ်လာတဲ့အခါမှာ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းရဲ့ လေးပုံသုံးပုံနှင့် အထက်ရဲ့ ဆန္ဒမဲ ရရှိရမယ်လို့လည်း အသေးစိတ် အခြေခံရမယ့်မူချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် သီးခြားသတ်မှတ်ချက်မပါဘဲ ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်၊ အတည်ပြုချက်နဲ့ ဆောင်ရွက်ရမယ်ဆိုတဲ့ ကိစ္စမျိုးတွေနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်က ဘယ်လိုဆန္ဒမဲရယူဆုံးဖြတ်ရမယ် ဆိုတာကိုလည်း သတ်မှတ်ဖို့ လိုအပ်လာမှာဖြစ်ပါတယ်။ အထက်ပါအခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်ဟာ မည်မျှအထိ အရေးပါလှကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။

ဤမျှအရေးပါသောဆန္ဒမဲအား အခွင့်အရေးမရှိသူ တစ်ဦးက ပြည်ထောင်စု လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ပြီး ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းမျိုး(လုံးဝ)မဖြစ်စေသင့်ပါ။ လွှတ်တော်အစည်းအဝေးသို့ တရားဝင် တက်ရောက်ခွင့် မရှိသူ တစ်ဦးဦးက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ဆန္ဒမဲ ပေးခြင်း၊ လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းမျိုး မပေါ်ပေါက်စေရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်မှ ကိုယ်စားလှယ်စိစစ်ရေး လုပ်ငန်းများကို အထူးကြပ်မတ်ပြီး တိတိကျကျသေသေချာချာ စိစစ်ဆောင်ရွက်သင့်ပါကြောင်း သတိပြုရန်အချက်တစ်ချက်အနေဖြင့် အကြံပြုတင်ပြအပ်ပါတယ်”

x x x x x x

လို့ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်ပါ သုံးဦးတို့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်တဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက် အပေါ် ထောက်ခံဆွေးနွေးသွားတာတွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

x x x x x x

“လွှတ်တော်အသီးသီးရဲ့ အသေးစိတ်ချမှတ်သင့်တဲ့ အခြေခံမူထဲမှာ အခွင့်အရေးမရှိသူတစ်ဦးက လွှတ်တော်အစည်းအဝေးသို့တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ လွှတ်တော်၏ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ”ဆိုတဲ့အချက်လည်း ပါဝင်နေပါတယ်။

ဒီအသေးစိတ်အခြေခံမူဟာ လူပုဂ္ဂိုလ်တစ်ဦးဦး၏ ဆောင်ရွက်မှုကြောင့် လွှတ်တော်ရဲ့လုပ်ငန်းများ၊ အတည်ပြုချက်၊ ဆုံးဖြတ်ချက်များ မပျက်ပြယ်စေလိုတဲ့သဘောဖြစ်တယ်လို့ ထင်မြင်ပါတယ်။

လွှတ်တော်များမှာ ဆန္ဒမဲပေးဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းများဟာ အင်မတန်မှ အရေးကြီးတဲ့လုပ်ငန်းများဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ အခြေခံတစ်ရပ်လည်းဖြစ်ပါတယ်။ ဒါကြောင့် အခွင့်အရေးမရှိသူတစ်ဦးရဲ့ ဆန္ဒမဲဟာ ဒီဆုံးဖြတ်ချက်အတည်ပြုချက်အပေါ်မှာ အကျိုးသက်ရောက်မှု မရှိခဲ့ရင်တော့ အကြောင်းမဟုတ်ပေမယ့် တကယ်လို့များ သူ့ရဲ့ဆန္ဒမဲကြောင့် ဆုံးဖြတ်ချက်၊ အတည်ပြုချက်တစ်ခုခုဟာ အတည်ဖြစ်ခဲ့ရင် သို့မဟုတ် ပျက်ပြယ်ခဲ့ရင် ဒါဟာစဉ်းစားစရာဖြစ်လာပါတယ်။ တစ်နည်းအားဖြင့် သူ့ရဲ့ ဆန္ဒမဲဟာ အဆုံးအဖြတ်မဲ(Decisive Vote)ဖြစ်ခဲ့ရင်ဖြစ်ပါတယ်။ “ဥပမာ နှစ်ဖက်ဆန္ဒမဲမတူညီဘဲရှိချိန်မှာ သူ့ရဲ့ဆန္ဒမဲကြောင့် မဲအရေအတွက်တူညီသွားတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌပါဝင်ဆန္ဒမဲပေးရတာမျိုး၊ ကိုယ်စားလှယ် ဦးရေထက်ဝက် သို့မဟုတ် သုံးပုံ နှစ်ပုံမရှိဘဲ သူတက်ရောက်ခဲ့တဲ့အတွက် ထက်ဝက်ကျော် သို့မဟုတ် သုံးပုံ နှစ်ပုံပြည့်သွားတာမျိုး ဖြစ်ပါတယ်။ ဒါကြောင့် အထက်ပါကိစ္စမျိုးမဖြစ်ရအောင် ကိုယ်စားလှယ်စိစစ်ရေးကိစ္စကို စနစ်တကျ သေချာစွာစိစစ်ပြီး ဆောင်ရွက်သင့်ပါကြောင်း”

x x x x x x

တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ဦးတင်ဝင်းပါခြောက်ဦးတို့က အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေးအခန်း၌ ပြည်ထောင်စုလွှတ်တော်နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်အပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

x x x x x x

“လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် မိမိတက်ရောက်နေသော အစည်းအဝေးတစ်ခုခုတွင် ထောက်ခံသည့်ဘက်ကိုဖြစ်စေ၊ ကန့်ကွက်သည့်ဘက်ကိုဖြစ်စေ ဆန္ဒမဲမပေးဘဲ နေပိုင်ခွင့်ရှိပါသည်။ ဤသည်မှာ ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်အစည်းအဝေးများ၊ ကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးများတွင်လည်း ကျင့်သုံးနေသောအစဉ်အလာ တစ်ခုဖြစ်ပါသည်။

“လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာတွင် အခြားနည်းပြဋ္ဌာန်းထားချက်မရှိလျှင် အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့်လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်”ဟူသော အခြေခံမူတစ်ရပ်ချမှတ်သင့်ကြောင်း ကိုလည်း ထောက်ခံတင်ပြပြီးဖြစ်ပါသည်။

၎င်းအပြင် အထက်ပါလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်၊ ပြည်ထောင်စုလွှတ်တော်အမှတ်စဉ်၈(က)၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အမှတ်စဉ်၇(က) (၁)၊ ၇(ခ) (၁)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အမှတ်စဉ်၈(က)တွင် **“လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲမပေးဘဲ ကြားနေ နေလိုပါက နေပိုင်ခွင့်ရှိသည်”**ဟု ဖြည့်စွက်သင့်ပါကြောင်း”

x x x x x x

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

12-10 (10) 1 10/12/06, 1:55 AM

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၏ အစည်းအဝေးများ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပကြရာ အစုအဖွဲ့လိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမှာစကား

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည် ရွေးချယ်သည့် အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်ပြန်လည်ရွေးချယ်သည့် အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှဦးစံသာအောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးနှင့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၂ဦးရှိပြီး အစည်းအဝေးသို့ ရာနှုန်းပြည့်တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့် အမှာစကားပြောကြားပြီး ဆက်လက်၍သဘာပတိအဖွဲ့ဝင်များ ရွေးချယ်ပုံနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်တစ်ဦး အစားထိုးရွေးချယ်ရေးအတွက် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခေါ်)ဦးမန်းမျိုးညွန့်ကို တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်က အဆိုတင်သွင်းပြီး ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်က ထောက်ခံသည်။

ထို့နောက် အလှည့်ကျသဘာပတိက လစ်လပ်သည့် သဘာပတိအဖွဲ့ဝင်နေရာတွင် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခေါ်)ဦးမန်းမျိုးညွန့် ရွေးချယ်ခံရကြောင်း ကြေညာသည်။

ယင်းနောက်အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းလိုက်သည်။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့် အစည်းအဝေးကို ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်)ဦးထေးရယ်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၆၄၅ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၆၄၃ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ ၆၉ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့် အမှာစကားပြောကြားပြီး ဆက်လက်၍ သဘာပတိအဖွဲ့ဝင်များ ရွေးချယ်ပုံနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်တစ်ဦး အစားထိုး ရွေးချယ်ရေးအတွက် ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေကို မန္တလေးတိုင်းမှ ဦးမြသောင်းက အဆိုတင်သွင်းပြီး ချင်းပြည်နယ်မှ ဦးပြေလေနှင့် မွန်ပြည်နယ်မှ ဦးအောင်သူတို့က ထောက်ခံကြသည်။

ထို့နောက် အလှည့်ကျ သဘာပတိက လစ်လပ်သည့် သဘာပတိအဖွဲ့ဝင်နေရာတွင် ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေ ရွေးချယ်ခံရကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၃နာရီ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့် အစည်းအဝေးကို ညနေ ၃ နာရီ မိနစ်၄၀တွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောနှင့် ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကု ဆရာဝန်ကြီး ဒေါက်တာသိန်းညွန့် (ညွန့်ဝေ-ကသာ)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၅၅ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၂၁ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး ဆက်လက်၍ သဘာပတိအဖွဲ့ဝင်များ ရွေးချယ်ပုံနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်တစ်ဦး အစားထိုးရွေးချယ်ရေးအတွက် ဆေးသိပ္ပံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမောင်မောင်ဝင့်ကို ဂီတစာဆို ဟင်္သာတဦးမြင့်ငွေက အဆိုတင်သွင်းပြီး ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးလှသန်းက ထောက်ခံသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့် အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့် အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဦးလှမြင့် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့် အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပြည်သစ်နန်းသို့ ချမ်းမြစေရည်၊ လှမ်းကြပေမည်

(အစညီ၊ အချညီ၊ ပါဒညီပိုဒ်စုံရတု)

မြန်ပြည်ရွှေဘောင်၊ အလင်းဆောင်သား၊ ညီနောင်များနှင့်၊ ယခင့်ယခင်၊ သားချင်းသွင်မို့၊ ကချင်ကယား၊ ပြည်နယ်သားတို့၊ စိတ်ထားဖြူစင်၊ ချင်းကရင်မှာ၊ ရှေးပြုဗွာက၊ ဗမာ မွန် ရှမ်း၊ စိတ်တစ်ဝမ်းရှင့်၊ ချမ်းမြရခိုင်၊ သစ္စာတိုင်ခဲ့၊ မယိုင်မလဲ၊ ဥမကွဲမို့၊ ယှဉ်တွဲရည်ဆောင်၊ တည်ထောင်ပျိုးသစ်၊ သမိုင်းလှစ်လို့၊ ပြည်ချစ်ညီနောင်၊ ထမ်းရွက်ဆောင်ခဲ့၊ အောင်မြင်ပင်လုံ၊ သွေးစည်းဆုံ၍၊ မြန်ဘုံကောင်းကျိုး၊ စောင်းနယ်ကြိုးသို့၊ သွဲ့နှီးသံစည်၊ ရိုက်ခတ်မြည်သော်၊ **မြန်ပြည်ရွှေဘုန်း လျှံစည်မော်။**

လျှံစည်ဝေအောင်၊ စည်းရုံးဆောင်သား၊ အခေါင်ချုပ်ခြာ၊ အာဏာသက်ဆင်း၊ ပြည်တွင်းသာယာ၊ ဆွေးနွေးရာတည့်၊ သိင်္ဂါရည်စံ၊ ညီလာခံကြီး၊ အောင်သံချီးလျက်၊ ပြည်ကြီးကျက်သရေ၊ တက်ဖြိုးစေမည်၊ တည်ငြိမ်စည်းလုံး၊ မဖုံးအရွက်၊ တက်ကြွငြိမ်းချမ်း၊ စည်းကမ်းဥပဒေ၊ ဒီမိုကရေစီ၊ ချစ်ကြည်သောအား၊ အမွန်ထား၍၊ ဝင့်ကြွားမြန်မာ၊ မျိုးသဟာတို့၊ ဝံသာနုအရေး၊ မျှော်ရည်တွေးလျက်၊ နွေးလက်တစ်ကမ်း၊ ပြည်သစ်နန်းသို့၊ ချမ်းမြစေရည်၊ လှမ်းကြပေမည်၊ မြန်မြေပြည်လုံး၊ **လျှံစည်ဝေထုံး စံတည်သော်။**

စံတည်ရွှေရောင်၊ ထွန်းပြောင်သာသနာ၊ မြတ်ရတနာတို့၊ တည်ရာအောင်ဗွေ၊ ဒို့မြန်မြေမှ၊ စာပေယဉ်ကျေးမှု၊ ပြည်သူ့မှန်ကူ၊ တံခွန်ထူလျက်၊ ကြည်ဖြူမေတ္တာ၊ လဲလှယ်ကာဖြင့်၊ မြန်မာ့ရွှေလမ်း၊ အံ့မခန်းအောင်၊ ငြိမ်းချမ်းသာမှု၊ အကြောင်းပြုရှင့်၊ စက်မှုနိုင်ငံ၊ အောင်မြင်ရန်နီး၊ စက်ပစ္စည်းနဲ့၊ ရင်းနှီးမြှုပ်နှံ၊ သယံဇာတ၊ ပေါကြွယ်ဝ၍၊ သာစွပြည်ထောင်၊ ညီနောင်တစ်တွေ၊ အတူနေလို့၊ မသွေမုချ၊ စည်းလုံးကြမည်၊ များလှစုံညီ၊ ဂုဏ်တင့်ရည်သည်၊ **စံတည်နေနှုန်း မြန်ပြည်ပေါ်။**

(အမျိုးသားညီလာခံကြီးကို ဂုဏ်ပြုလျက်-)

မိခင် ရတနာဦး

ယဉ်ကျေးမှုတက္ကသိုလ်

စာမျက်နှာ ၁၀ မှ

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က -

x x x x x x

"နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းဆွေးနွေးခဲ့သည့် အချက်(၂၈)ချက်မှာ ကြောင်းကျိုးညီညွတ်၍ သင့်လျော်မှန်ကန်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူများ အဖြစ်ချမှတ်သင့်ကြောင်း"

x x x x x x

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က-

x x x x x x

"ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အချက်(၂၈)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

x x x x x x

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က-

x x x x x x

"အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ် အားလုံးက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေး အခန်း၌ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၃၊ ၁၄နှင့် ၁၅ရက်နေ့များမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားတဲ့ မူများဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်အတွက် မူ(၂၈)ရပ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အတွက် မူ(၁၉)ရပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက်မူ(၂၃)ရပ် စုစုပေါင်း မူ ၇၀နှင့် ယင်းတို့ရဲ့ အပိုဒ်ခွဲ၊ အပိုဒ်ငယ်အားလုံးဟာ အထက်မှာ ကျွန်တော်တင်ပြခဲ့ပြီးဖြစ်သည့် အောက်ဖော်ပြပါ အကြံပြု၊ ဖြည့်စွက်ချက်များနှင့် အတူ အသေးစိတ်အခြေခံရမည့်မူများဖြစ်တယ်လို့ ကျွန်တော်တို့ အစုအဖွဲ့က တညီတညွတ်တည်း သဘောထားတူညီ ထောက်ခံအပ်ပါတယ်"

x x x x x x

လို့ ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင်သီးခြားအကြံပြုချက်အနေနဲ့-

x x x x x x

"အပိုဒ် ၈မှာတော့ မဲခွဲဆုံးဖြတ်မှုရှိလျှင် တက်ရောက်ကိုယ်စားလှယ်များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရန်ဖြစ်ပြီး လွှတ်တော်နာယက တာဝန်ထမ်းဆောင်သူက မဲဆန္ဒမပေးရဘဲ ထောက်ခံမဲနှင့် ကန့်ကွက်မဲ တူညီနေမှသာလျှင် **"အနိုင်မဲ"**ပေးရန် ဖြစ်ကြောင်းများ ပါရှိပါတယ်"ဟုလည်းကောင်း၊

x x x x x x

"လွှတ်တော်အစည်းအဝေးအထမြောက်ဖို့အတွက် ဖော်ပြထားသော အရေအတွက်ထက် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ပိုမို တက်ရောက်စေလိုခြင်းနဲ့ များများတက်ရောက်မှသာ မဲခွဲဆုံးဖြတ်ရန်လိုတဲ့အခါမှာ အဆုံးအဖြတ်ပေးရမယ့်မဲအရေအတွက်ဟာလည်း တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေအများစုရဲ့ ဆန္ဒမဲဖြစ်လာနိုင်မှာဖြစ်ပါတယ်။ သို့မှသာလျှင် ဒီမိုကရေစီအနှစ်သာရကို ပိုမိုပီပြင်စွာ ရရှိစေမှာဖြစ်ပါတယ်"ဟု လည်းကောင်း၊

"နောက်တစ်ချက်အနေနဲ့ မဲခွဲဆုံးဖြတ်တဲ့အခါမှာ နှစ်ဖက်ဆန္ဒမဲချင်းတူလျှင် လွှတ်တော် နာယကတာဝန် ထမ်းဆောင်သူက **"အနိုင်မဲ"** ပေးရမယ်ဆိုတဲ့ စကားရပ်အစား**"အဆုံးအဖြတ်မဲ"**ဆိုတဲ့ စကားရပ်နဲ့ အစားထိုးစေလိုခြင်းဖြစ်ပါတယ်။ ဤစကားရပ်ကြောင့် တစ်ဖက်ကိုရှုံးစေရန် ဆန္ဒမဲပေးခြင်းအဓိပ္ပာယ် ဖြစ်ပေါ်စေခြင်းကနေ လွှတ်တော်နဲ့ ယင်းလွှတ်တော်ရဲ့ နာယကအတွက် ဂုဏ်သိက္ခာ၊ သမာဓိပိုမိုမြင့်မားစေပြီး ပိုမိုလေးနက်စေမှုရှိစေတဲ့ သဘောကို သက်ရောက်သွားစေမှာဖြစ်ပါတယ်"ဟုလည်းကောင်း၊

"ဆက်လက်တင်ပြသွားမှာကတော့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ အကြံပြုချပြ ရှင်းလင်းသွားတဲ့ အပိုဒ် ၉ နဲ့ ၁၀တို့ဖြစ်ပါတယ်။ ဒီအပိုဒ်များမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ခွင့်မဲ့ပျက်ကွက်မှု တစ်ဆက်တည်း ၁၅ရက်ရှိလျှင် သတ်မှတ်ထားသောနည်းလမ်းဖြင့် အရေးယူစေခြင်းနှင့် ယင်း ၁၅ရက်တွက်ချက်ရာမှာ အစည်းအဝေးရွှေ့ဆိုင်းတဲ့ ကာလမပါရခြင်းလည်း ဖော်ပြထားပါတယ်။ ယင်းအပြင် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေလျှင်ဖြစ်စေ၊ အခွင့်အရေးမရှိသူတစ်ဦးက အစည်းအဝေးတက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း ပြုလုပ်ထားမှုကို နောင်မှာ တွေ့ရှိရလျှင်ဖြစ်စေ၊ လွှတ်တော်ရဲ့လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိခြင်းနှင့် ဆောင်ရွက်ပြီးသည့်အချက်များလည်း ပျက်ပြယ်မှုမရှိစေရေး ပါရှိပါတယ်။ ဒီကိစ္စရပ်မှာလည်း လွှတ်တော်အစည်းအဝေးတစ်ရပ်ကို သေချာစွာစီမံခန့်ခွဲပြီးမှ ကျင်းပရခြင်းဖြစ်ပြီးလိုအပ်တဲ့ ဆုံးဖြတ်ချက်များကိုလည်း အဓိကထား ဆုံးဖြတ် ချမှတ်ထားခြင်းဖြစ်လို့ ဖော်ပြပါကိစ္စရပ်များကြောင့် ဆောင်ရွက်မှုများရပ်ဆိုင်းခြင်း၊ ပျက်ပြယ်ခြင်းမဖြစ်စေမှုဟာလည်း ချမှတ်သင့်တဲ့ မူဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီအချက်မှာလည်း ထည့်သွင်းစဉ်းစားရန် ဖော်ပြလိုပါတယ်။ လွှတ်တော်အစည်းအဝေးကျင်းပပြီးနောက်မှ စစ်ဆေးတွေ့ရှိလာတဲ့ လွှတ်တော် အစည်းအဝေးကို တက်ရောက်သူများထဲက "အခွင့်အရေးမရှိသူတစ်ဦးက" ဆိုသည့်စကားရပ်နှင့် ပတ်သက်လို့ဖြစ်ပါတယ်။ အကယ်၍ အခွင့်အရေးမရှိသူ တစ်ဦးထက်မကလည်း ဖြစ်လာနိုင်တာမို့ "အခွင့်အရေးမရှိသူတစ်ဦး"အစား "တစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးလျှင်ပိုမိုခြုံငုံမိမည်ဖြစ်ကြောင်း"ဟု လည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

x x x x x x

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က-

x x x x x x

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများအပြင် ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၁၉၇၄ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများပါ အချက်အလက်များကို အသေးစိတ်လေ့လာပြီး နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ကဏ္ဍအလိုက် ဘက်စုံ၊ ထောင့်စုံမှာ အချိန်ယူ စိစစ်ပြုစု လေ့လာတင်ပြသွားတာကို တွေ့ရှိရတဲ့အတွက် ပြီးပြည့်စုံပြီးဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်မှာပါရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ရာမှာ ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြု ခြင်းဆိုင်ရာ လုပ်ငန်းများတွင် ချမှတ်သင့်တဲ့အသေးစိတ်အခြေခံရမယ့်မူများဟာ နောင်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အမှန်တကယ်ပါဝင်သင့်သော အချက်များဖြစ်ကြောင်း"

x x x x x x

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က-

x x x x x x

"ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ်အသီးသီးတို့က အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းပြခဲ့တဲ့ ပြည်ထောင်စုလွှတ်တော် ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများ အတွက် အခြေခံသင့်တဲ့မူ(၂၈)ချက်မှာ ပြည်သူတွေရဲ့ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူရည်တူရှိမှုတွေကို စုစည်း ဖော်ပြထားသည်ဟုတွေ့ရှိခံစားရတဲ့အတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ ။

x x x x x x

စာမျက်နှာ ၁၁ မှ

ထို့နောက် အလှည့်ကျသဘာပတိ က လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင် နေရာတွင် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ ဦးမောင်မောင်ဝင့် ရွေးချယ်ခံရကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၄ နာရီတွင် ရပ်သိမ်းလိုက်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည် ရွေးချယ်သည့် အစည်းအဝေးကို ညနေ ၃ နာရီ ၂၅ မိနစ်တွင် ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် သာသနာရေးဝန်ကြီးဌာနမှ ဦးအံ့မောင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ ဦးရှိပြီး အစည်းအဝေးသို့ ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားပြီး ဆက်လက်၍ သဘာပတိအဖွဲ့ဝင်များ ရွေးချယ်ပုံနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်တစ်ဦး အစားထိုး ရွေးချယ်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခ(တက္ကသိုလ်တင်ခ)ကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဦးတင်ထွေးက အဆိုတင်သွင်းပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှသောင်းမြင့်က ထောက်ခံသည်။

ထို့နောက် အလှည့်ကျ သဘာပတိက လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင်နေရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခ(တက္ကသိုလ်တင်ခ)ရွေးချယ်ခံရကြောင်း ကြေညာသည်။

ယင်းနောက်အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၃နာရီမိနစ်၄၀တွင် ရပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင်တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်တိုင်း ကမာကယာကျေးရွာ သုံးခွမြို့နယ်နေ ကိုစိုးဝင်း၊ မခင်မြတ်မွန် မိသားစုကလှူဒါန်းသည့် ငွေကျပ်တစ်သိန်းကို ကျောင်းအကျိုးဆောင် ဒေါ်စန်းကြည်ကလက်ခံပြီး ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၌ အရှင်ကေသရ (စာချ၊နာယက မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်)က ဂုဏ်ပြုလွှာချီးမြှင့်တော်မူစဉ်။ (က-ပ)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာတမ်းဖတ်မည်

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူး၍ Tropical Revolving Storms and Storm Model Development in Myanmar စာတမ်းဖတ်ပွဲများကို စာတမ်းရှင်များဖြစ်ကြသော ဒေါက်တာစံလှသော်နှင့် ဒေါ်ရီရီငြိမ်းတို့က အောက်တိုဘာ ၁၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်များ (လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ ဖတ်ကြားကြမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်လေ့လာ ဆွေးနွေးနိုင်ကြကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက နှိုးဆော်ထားသည်။

(သတင်းစဉ်)

စိတ်ထားကြံ့ခိုင်
ပန်းတိုင်ချီတက်
အောင်ပွဲဆက်

လေးနက်စွာ သတိပေးတားမြစ်ခြင်း

တနင်္သာရီတိုင်း၊ လောင်းလုံမြို့နယ်၊ သပြေရောင်ကျေးရွာ ဦးလှညီး ၆/လလန(နိုင်)၀၃၀၆၇၀သည် (၁) ဗီဒီယိုရုံ ၎င်းဗီဒီယိုရုံတည်ရှိရာ ဆောက်လုပ်ထားသော မြေကွက် ၇၂လက်မအမျိုးအစား ရောင်ပြန်နှင့်ဆက်စပ်သော ပစ္စည်းအရပ်ရပ်၊ အကျိုးခံစားခွင့်အရပ်ရပ်၊ (၂) လောင်းလုံမြို့နယ်၊ သပြေရောင်ကျေးရွာ အနောက်ဘက်ရှိ ရော်ဘာခြံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဥပဒေနှင့်အညီ ဦးလှညီး (ကွယ်လွန်)တစ်ဦးတည်းမှ ပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အထက်ဖော်ပြပါ ဦးလှညီး ပိုင်ဆိုင်ခဲ့သည့် အမှတ်စဉ်(၁)နှင့် အမှတ်စဉ်(၂)တို့ပါ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းတို့အား ဦးလှညီး၏သမီး မဝါဝါခြည်၏ သဘောတူခွင့်ပြုချက်မရဘဲ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ (တစ်နည်းနည်းဖြင့်) လွှဲပြောင်းရန်ဆောင်ရွက်လျက်ရှိကြောင်း ခိုင်လုံစွာ တွေ့မြင်ကြားသိရပါသည်။ ယင်းသို့ တရားမဝင်ဆောင်ရွက်ခြင်းတို့သည် ဆောင်ရွက်သူတို့အား တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရ ထိုက်သင့်သလို တာဝန်ရှိမည်ဖြစ်ပြီး အကျိုးဆက် Consequences အရပ်ရပ်တို့အတွက် ထိုသူတို့၏တာဝန်သာဖြစ်ကြောင်း သိစေအပ်ပါသည်။

မဝါဝါခြည် ၆/လလန(နိုင်)၀၈၉၀၀၈၏လွှဲအပ်ညွှန်ကြားချက်အရ–

55. Maha Bandoola Garden Street,	ဦးမျိုးသန့်(ရန်ကင်း)
Kyauktada Tsp, Yangon	B.A (Law)., LL.B
Union of Myanmar	တရားရုံးချုပ်ရှေ့နေ
Off. Ph: 01-281400, 376481(YBA)	Supreme Court Advocate
HP: 09-51-39138	လိုင်စင်အမှတ်–၁၅၆၇

ဘာသာစကားကျွမ်းကျင်သူ အမျိုးသမီးဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(၁) ကိုရီးယား (သို့) ပြင်သစ်(သို့) ဂျပန် (သို့) တရုတ် (သို့) အီတလီ (သို့) စပိန်စကားတစ်မျိုးမျိုး ပြောတတ်ရမည်။
(၂) ပညာအရည်အချင်း အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်။
(၃) အကျင့်စာရိတ္တ အထူးကောင်းမွန်ရမည်။
(၄) အသက်(၂၀)ဝန်းကျင် ရုပ်ရည်အသင့်အတင့်နှင့် အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။
(၅) လစာကောင်းကောင်းပေးမည်။
(၆) ဘာသာစကား တစ်ခုထက်ပိုတတ်ပါက လစာပို၍ပေးမည်။
(၇) စိတ်ဝင်စားသူသည် ကြော်ငြာပါသည့်နေ့မှ ၁၀ရက်အတွင်း လိုင်စင်ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ **အမှတ် ၁၁၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးတီခွန်မြတ်၏သမီးဖြစ်သူ မခမ်းဆိုင် ၁၃/ကခန (နိုင်)၀၅၀၇၂၂ အား ယနေ့မှစ၍ မခမ်းဆိုင်(ခ) မတီခမ်းဆိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မခမ်းဆိုင်(ခ)မတီခမ်းဆိုင်။

ကျေးဇူးဆပ်ပါမည်

၁၀–၁၀–၂၀၀၆ရက် မွန်းလွဲ ၂ နာရီခန့်တွင် ရန်ကင်းမှ မ/ဒဂုံသို့အသွား ကက–Super Saloon ပေါ်တွင် ကျွန်တော်ပိုင် ကားနံပါတ် န/၅၆၉ ဓာတ်ဆီစာအုပ် ပါရှိသွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့ပါရန်။

ဖုန်း–၅၈၄၃၀၈၊
၀၉–၅၁၀–၅၃၃၀။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၅၆၃၄၊ Daewoo Racer S/L (4x2)ယာဉ် လက်ဝယ်ရှိသူ အမည်ဒေါ်မြင့်မြင့်စန်း မှတ်ပုံတင်အမှတ် ၁၂/လမန(နိုင်)၀၆၉၆၇၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်းရုံး)၊ ရန်ကုန်မြို့။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသအချို့၌ ရေကြီးရေလျှံမှုဖြစ်ပွား ကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၁

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံအနှံ့အပြား၌ အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ချောင်းများအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွား၍ လူနေအိမ်ခြေများသို့ ရေများဝင်ရောက်ခြင်းနှင့် လယ်ယာမြေအချို့ ရေကြီးနစ်မြုပ်ခြင်း၊ ရထားလမ်း၊ ကားလမ်းများ ရေကျော်ခြင်းများ ဖြစ်ပွားခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)

ယင်းဖြစ်စဉ်များတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်ရှိ နမ့်လတ်ချောင်းရေလျှံမှုကြောင့် အိမ်ခြေ ၁၃၀၊ ရပ်စောက်မြို့နယ်အတွင်း ဇော်ဂျီမြစ်ရေလျှံမှုကြောင့် အိမ်ခြေ ၁၅၀ နှင့် တောင်ကြီးမြို့နယ်ရွှေညောင်ရှိတာလောချောင်းရေလျှံမှုကြောင့် အိမ်ခြေ ၁၈၀၀ တို့သို့ ရေများ ဝင်ရောက်ခဲ့ကြောင်းနှင့် လွိုင်လင်မြို့မှ တောင်ကြီးသို့အထွက် ကားလမ်းရေကျော်မှုကြောင့် ကားလမ်း ခေတ္တပိတ်ထားကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ကွတ်ခိုင်မြို့နယ် ဟိုပုံ၊ ဟိုစိုနှင့် ဟိုဖြတ်ကျေးရွာတို့၌ လည်းကောင်း၊ နမ္မတူမြို့နယ်ရှိ နမ့်လချောင်းရေလျှံမှုကြောင့် ရပ်ကွက်သုံးခု၌ လည်းကောင်း၊ မဘိန်းမြို့နယ်၌ ရွှေလီမြစ် ရေကြီးမှုကြောင့် ရပ်ကွက်နှစ်ခု၌လည်းကောင်း၊ သီပေါမြို့နယ်၌ ဒုဋ္ဌဝတီမြစ်ရေလျှံမှုကြောင့် အိမ်ခြေ ၁၇၈လုံး၌ လည်းကောင်း ရေများ ဝင်ရောက်ခဲ့ကြောင်း၊ လားရှိုးမြို့နယ်၌ လယ်မြေဧက ၅၅၀နှင့် သိန်းနီမြို့နယ် ခန်းတိန်း၊ ဥယျာဉ်မှူး၊ တောင်းဟော်၊ တိုင်းယက်၊ မိုင်းယောင်းကျေးရွာတို့ရှိ လယ်မြေများ ရေကြီးနစ်မြုပ်ခဲ့ကြောင်း၊ နောင်ချိုမြို့နယ်အတွင်း ရထားသံလမ်းရေကျော်ခဲ့ပြီး ဂုတ်ထိပ်တံတား၌ လားရှိုးဘက်ခြမ်း တံတားအမှတ်(၂၃၉)နှင့် မန္တလေးဘက်ခြမ်း တံတားအမှတ်(၂၄၁)တို့၌ အောက်ခြေရေတိုက်စားမှုကြောင့် ရထားဖြတ်သန်းမှု ခေတ္တရပ်ဆိုင်းခဲ့ကြောင်းနှင့် မိုးမိတ်မြို့နယ် ရွှေကျောက်မောကျေးရွာအနီးကားလမ်းရှိ တံတား ရေတိုက်စားပျက်စီးမှုကြောင့် ယာဉ်သွားလာမှု ခေတ္တရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

မကွေးတိုင်း

မကွေးတိုင်းအတွင်းနေပြည်တော်–ပုဂံ အမှတ်(၁၀၇)အဆန်ရထားသည် ပုဂံဘူတာအနီး တံတားအမှတ်(၁၃၁)ကိုဖြတ်သန်းစဉ် ချောင်းရေတိုက်စားမှုကြောင့် တံတားကျိုး၍ ရထားတွဲအမှတ်(၂၅၂၀) တိမ်းစောင်းခဲ့ပြီး ခရီးသည်များထိခိုက်မှုမရှိကြောင်း၊ မန္တလေး–ပုဂံ အမှတ်(၁၂၀) အစုန်ရထားသည် ငှက်ပျောတိုင်နှင့် သမင်ဘေးဘူတာအကြား ချောင်းအတွင်းမှ သဲများ သံလမ်းပေါ်သို့ ဖုံးလွှမ်းခဲ့သဖြင့် စက်ခေါင်းတွဲချော်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်းအတွင်း စစ်ကိုင်းမြို့နယ်၌ ရေမျက်ကြီးအင်းရေလျှံမှုကြောင့် ရေတွင်းခေါင်း၊ ဗဒူ၊ ကျောက်ပန်း၊ စမွန်းနှင့် ခက်ခကျေးရွာတို့ရှိ အိမ်ခြေ ၅၆၇လုံး၌ လည်းကောင်း၊ ဒီပဲယင်းမြို့ဈေးအတွင်းနှင့် မြို့မရပ်နှင့် တောင်ပြင်ရပ်ကွက်တို့၌လည်းကောင်း ရေများ ဝင်ရောက်ခဲ့ကြောင်း၊ ကနီမြို့နယ် ဖူးဝဲချောင်း ရေလျှံမှုကြောင့် ဝင်းမနားကျေးရွာ အထက်တန်းကျောင်းခွဲ အုတ်တံတိုင်းများ ရေတိုက်စားပျက်စီးခဲ့ကြောင်း၊ ရေဦးမြို့နယ် ကံပြားနှင့် တင်းတိမ်ယံကျေးရွာတို့အကြား ရထားသံလမ်း ရေကျော်၍ သံလမ်းအောက်ခံမြေ ရေတိုက်စားခဲ့ကြောင်း၊ ဒီပဲယင်းမြို့နယ် ရွာသစ်ကြီးကျေးရွာ၌ ကားလမ်းရေကျော်ခဲ့ပြီး ကန့်ဘလူမြို့နယ်အတွင်း တံတားအမှတ်(၁၈၈)အနီး ရထားလမ်း တာပေါင် ရေတိုက်စားပျက်စီးခဲ့ကြောင်း၊ ကျွန်းလှမြို့နယ် ကိုင်းတောကျေးရွာအနီး ရထားသံလမ်း ရေကျော်ပြီး သဖန်းဆိပ်ကားလမ်း ရေကျော်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်း

ရန်ကုန်တိုင်းအတွင်း သာကေတမြို့နယ် (၉)ရပ်ကွက်၌ အိမ်ခြေ ၁၅၀ခန့်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပဲခူးမြစ်ရေမြင့်တက်မှုကြောင့် အိမ်ခြေ ၃၉၀တို့၌ ရေများ ဝင်ရောက်ခဲ့ကြောင်း၊ သုံးခွမြို့နယ် မင်းရွာ၊ ဘိသိတ်၊ မဟာမိတ်၊ သာယာမြိုင်၊ သြဘာညွန့်နှင့် ဇောတိကကျေးရွာတို့၌ ထူးကဲဒီရေတိုးဝင်မှုကြောင့် လယ်မြေဧက ၃၀၀ကျော်နှင့် ပုစွန်ကန်များ ရေလွှမ်းမိုးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်း

မန္တလေးတိုင်းအတွင်း ကျောက်ဆည်မြို့နယ် ခါးတက်ကုန်း၊ မုန်တိုင်၊ ကုန်းသာ၊ ပေါက်ကုန်း၊ ရေဝန်း၊ ဆူးလေကုန်း၊ ဇီးပင်ဝန်း၊ ပင်တလည်း၊ ထားဝယ်၊ ငါးဆူ၊ ပြည်ပန်းကျေးရွာနှင့် မြို့ဦးကွက်သစ်တို့၌ လည်းကောင်း၊ မြစ်သားမြို့နယ် ရေဝန်းနှင့် ရွှေပေါက္ကျွန်းကျေးရွာတို့၌ လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်၌ ဒုဋ္ဌဝတီမြစ်ရေလျှံမှုကြောင့် ရွှေစာရံကျေးရွာတို့ရှိ အိမ်ခြေ ၆၄လုံးနှင့် ရဲရွာကျေးရွာရှိ အိမ်ခြေ ၄၀တို့၌လည်းကောင်း ရေများဝင်ရောက်ခဲ့ကြောင်း၊ နေပြည်တော်–မန္တလေး ရထားလမ်းပိုင်း မြစ်သားနှင့် မင်းစုဘူတာအကြား၊ မင်းစုနှင့်လေးဆယ်ကုန်းဘူတာအကြား၌ လည်းကောင်း၊ ရန်ကုန် – မန္တလေးရထားလမ်းပိုင်း တံတား အမှတ်(၃၇၀/ဘီ)၌ လည်းကောင်း ရထားသံလမ်းများ ရေကျော်ခဲ့ကြောင်း၊ ဟံမြင့်မိုရ်ကျေးရွာအနီး ရန်ကုန်–မန္တလေးကားလမ်းပေါ်၌ ရေကျော်ခဲ့ကြောင်း၊ ပုသိမ်ကြီးမြို့နယ် မန္တလေး–မိုးကုတ် ကားလမ်းတံတား အမှတ် (၂/၁၁)ရေတိုက်စား၍ ပြိုကျပျက်စီးခဲ့ကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ် တောင်ပေါ်တောင်ကျေးရွာမှ ရွာသားရှစ်ဦး၊ ကန်စပ်ကုန်းကျေးရွာမှ ရွာသားနှစ်ဦးတို့ ရေချိုးနေစဉ် ရေထဲမျောပါသွား၍ရေနစ်သေဆုံးသွားခဲ့ပြီး ကန်စပ်ကုန်းကျေးရွာမှ ရွာသားသုံးဦးထပ်မံ၍ ရေမျောပါသွားခဲ့ကြောင်း၊ ဒုဋ္ဌဝတီမြစ်ရေတိုက်စားမှုကြောင့် အမရပူရမြို့နယ် ဖရဲကျွန်း(အနောက်)ကျေးရွာမူလတန်းကျောင်းဆောင်များ ပျက်စီးခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုများဖြစ်ကာ လူနေအိမ်ခြေများသို့ ရေများ ဝင်ရောက်ခြင်း၊ ရထားလမ်း၊ ကားလမ်းများ ရေကျော်မှု၊ ရေတိုက်စားမှုတို့ကြောင့် ပျက်စီးခြင်းတို့အား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များက ဖြစ်စဉ်နေရာများသို့ ချက်ချင်းသွားရောက်၍ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်ကူညီခြင်းနှင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြပြီး ချွတ်ယွင်း ပျက်စီးသွားသော ရထားလမ်း၊ ကားလမ်းနှင့် တံတားများကို တာဝန်ရှိသူများက အမြန်ဆုံးပြုပြင်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ကမ်းလွန်ပင်လယ်ပြင်၌ မြန်မာရေလုပ်သား၁၀ဦးကို Daewoo ရေနံကုမ္ပဏီက ကယ်တင် ဆောင်ရွက်ခဲ့

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ ရခိုင်ကမ်းလွန်ပင်လယ်ပြင်၌ ရေနံတူးဖော်ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Daewoo E & P Myanmar ရေနံကုမ္ပဏီမှ MV Emma သင်္ဘောသည် ပင်လယ်ပြင်၌ ၂၀၀၆ခုနှစ် စက်တင်ဘာ ၂၀ရက်မှ ၃၀ရက်အထိ တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် စက်တင်ဘာ ၂၈ရက် နံနက် ၉နာရီခွဲတွင် စစ်တွေမြို့ အနောက်တောင်ဘက် ၆၄ကီလို မီတာ Emma သင်္ဘောမှ ၃၊ ၄ကီလိုမီတာ ခန့်အကွာပင်လယ်ပြင်၌ ငါးဖမ်း သင်္ဘောငယ်တစ်စင်း နစ်မြုပ်နေပြီး ရေလုပ်သားများ ပင်လယ်ထဲတွင် မျောပါနေသည်ကို တွေ့မြင်သဖြင့် ကယ်ဆယ်ရေးဆောင်ရွက်ခဲ့ရာ ဦးအောင်ဇော်လတ်အပါအဝင် မြန်မာရေလုပ်သား ၁၀ဦးကို ဆယ်ယူ ကယ်တင်နိုင်ခဲ့ကြောင်း။

အဆိုပါ နစ်မြုပ်ငါးဖမ်းသင်္ဘောငယ်မှာ တေဇလင်း(၁) အမည်ရှိပြီး သင်္ဘောမနစ်မြုပ်မီ တစ်ရက်က ဆိုးရွားသော ရာသီဥတုဒဏ်ကြောင့် သင်္ဘောစက်ချွတ်ယွင်းကာ သင်္ဘောမခုတ်မောင်းနိုင်တော့ဘဲ သင်္ဘောဝမ်းဗိုက်အတွင်း ရေများဝင်၍ တဖြည်းဖြည်း နစ်မြုပ်လာသဖြင့် သင်္ဘောသားများသည် စက်တင်ဘာ ၂၈ရက် နံနက် ဝေလီဝေလင်း အချိန်မှ စပြီး ငါးဖမ်းသင်္ဘောကိုစွန့်ကာ ပင်လယ်ပြင်တွင် ကူးခတ်နေခဲ့ကြကြောင်း သိရသည်။

Daewoo တိုင်းတာရေး လုပ်ငန်း အဖွဲ့သည် အဆိုပါ ရေလုပ်သားများကို ကယ်တင်ခဲ့ပြီးနောက် သက်ဆိုင်ရာ တာဝန်ရှိသူများထံ သတင်းပို့အကြောင်းကြား၍ ၎င်းတို့သင်္ဘောဖြင့် ရေလုပ်သား ၁၀ဦးကို စစ်တွေမြို့သို့ ချက်ချင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုဋ္ဌဝတီမြစ်ရေ မြစ်ငယ်မြို့ စိုးရိမ်ရေမှတ်

ရန်ကုန် အောက်တိုဘာ ၁၁

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၁၀၃၄စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀ အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂–၁၀–၂၀၀၆(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	"ဝိုင်းဝန်းပက်ဖျန်း မေတ္တာပန်း" ထောက်ကြန့် ကလေးပြုစုရေးဌာန
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ယနေ့ သိပ္ပံနှင့်နည်းပညာ
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	ဖက်ရှင်အလှ နေ့စဉ်ဘဝ (အပိုင်း–၂)
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	အရည်အသွေးထူးခြား မြန်မာ့ကျောက်မျက်များ
၈း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၅	Management Talk (ဦးကျော်ကျော်လှိုင်) (အပိုင်း–၂)
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ကြည်နူးနားဆင် ဂီတသံစဉ်
၉း၅၀	မိုးလေဝသခန့်မှန်းချက်
၉း၅၅	လုပဆင်ယင် လတ်လတ်ရဲ့ သတို့သမီးဖက်ရှင်
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းစခန်းများ (အပိုင်း–၂)
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀	မြန်မာ–ကိုရီးယား ချစ်ကြည်ရေးနှစ်(၃၀)ပြည့် အထိမ်းအမှတ် စင်တင်တေးဂီတဖျော်ဖြေပွဲ
၁၁း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ညောင်တုန်း အထက(၁)၌ ကျင်းပ

ညောင်တုန်း အောက်တိုဘာ ၈

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၉နာရီက ညောင်တုန်း အထက(၁) လှိုင်ပညာခန်းမတွင်ကျင်းပရာ မြို့နယ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးဝင်းထိန်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ သက်ကြီးအငြိမ်းစား ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ညောင်တုန်းမြို့နယ် ပညာရေးမှူး ဦးဝင်းထိန်က ကမ္ဘာ့ဆရာများနေ့နှင့် ပတ်သက်၍လည်းကောင်း၊ ကမ္ဘာ့ဆရာများနေ့အခမ်းအနားတွင် ပညာရေးဌာနမှ အငြိမ်းစားယူခဲ့ကြသော သက်ကြီးဆရာ ဆရာမများအား ဂုဏ်ပြုပူဇော်ကန်တော့ရခြင်းအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်တုန်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်း အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ကြသော အသက် (၇၅)နှစ်အထက် ဆရာ ဆရာမ ၂၄ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီဖြင့် ဂုဏ်ပြုပူဇော်ကန်တော့ကြသည်။**(ဝဲပုံ)**

ကျွေးမွေးဧည့်ခံ

ယင်းနောက် မြို့နယ်ပညာရေးမှူး ဦးဝင်းထိန် ဇနီးမိသားစုတို့က အငြိမ်းစား ဆရာ ဆရာမကြီးများအား နံနက်စာဖြင့် ကျွေးမွေးဧည့်ခံသည်။ **(၀၉၈)**

စုပေါင်းသန့်ရှင်း

မြဝတီမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း စက်တင်ဘာ ၂၆ရက်က ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အမှိုက်သိမ်းယာဉ်များဖြင့်သိမ်းဆည်းမှုကိုအမှုဆောင်အရာရှိဦးခင်မောင်သန်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသားများ ဂုဏ်ပြုပွဲအခမ်းအနား မလှိုင်မြို့နယ်၌ ကျင်းပ

မလှိုင် အောက်တိုဘာ ၂

မလှိုင်မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ပထမအကြိမ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ရက်က ပန်းလှိုင်ရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းက အဖွင့်စကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဘိုလှိုင်က ပညာရည်ချွန်ဆု ချီးမြှင့်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ချီးမြှင့်

ထို့နောက် ပညာရည်ချွန်ဆုရသူများအား မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။**(ယာပုံ)**

မလှိုင်မြို့နယ်အနေဖြင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင်သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင်လေးဦး၊ လေးဘာသာဂုဏ်ထူးရှင်လေးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၅ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၃၆ဦးတို့ ဖြစ်ကြသည်။ **(၄၁၉)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပလက်ဖောင်းပြုလုပ်

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့တွင်းလမ်းများ ပလက်ဖောင်းပြုလုပ်ခြင်းလုပ်ငန်းကိုစက်တင်ဘာ၂ရက်က အမှုဆောင်အရာရှိဦးသန်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ်
(သီတင်းကျွတ်လပြည့်ကျော် ၇ ရက်)
(အဖိတ်နေ့)
၁၃-၁၀-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀:၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသား အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်းနှင့်ကာလပေါ်တေးများ)**
(၁) နီလာစိန်ရောင်ခြည် (ကိုမင်းနောင်)
- အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်အမျိုးသမီး အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်းနှင့်ကာလပေါ်တေးများ)
(၂) သတိရစရာလေးများ (အေဝမ်းတင်တင်လှ)
(၃) ဂေါတမမြတ်ဘုရားဂုဏ် (တင်တင်မြ)

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်စနစ်များ သတိထား) (ဒေါက်တာချစ်)

၁၁:၃၅ ထူးဆန်းထွေလာသတင်းပဒေသာ

၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (မျက်စိကျန်းမာရေးနှင့် အမြင်သန်စွမ်းရေး)

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အကြွင်းမဲ့သစ္စာ)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) မိုးခိုခဲ့တာလေးမှတ်မိလား (ကိုမြတ်ဆွေ)
(၂) မိုးစက်လေးတွေကြည့်လို့ လွမ်းနေမယ် (ခင်ခင်)
(၃) ရေမပါရွာတဲ့မိုး (မောင်မောင်ကြီး)

၁၇:၃၀ မေတို့ရေးရာ သိမှတ်စရာ (ဝဖြိုးစပြုနေပြီလား) (မေလေး)

၁၇:၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ရိက္ခာဖူလုံဖို့ စိုက်ပျိုးစို့)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရဖြစ်မှုရှာပုံတော်) (ပထမပိုင်း) (မောင်ဆုရှင်)

၁၉:၁၅ ဂီတကြယ်စင်ကာလပေါ်အဖွဲ့

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မေတ္တာအသည်းလေးများ (စန္ဒရားချစ်ဆွေ)
(၂) မျှော်လင့်ခုတိုင်တိုင် (နိုင်နိုင်မော်)
(၃) ဖိုးလမင်းကို အောင်သွယ်ခိုင်းမယ် (တွံတေးသိန်းတန်)

လုပ်ငန်းညှိနှိုင်း အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ ရမည်းသင်း၌ ကျင်းပ

ရမည်းသင်း အောက်တိုဘာ ၅

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပခဲ့သော လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို စက်တင်ဘာ ၃၀ရက်က ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်က လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ထပ်ဆင့် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းရှိန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အဂ်ီရပ်နှင့် ညီညွတ်စေရေးအတွက် မြို့ဝင်မုခ်ဦးအသစ် တည်ဆောက်ခြင်းကို စက်တင်ဘာ ၉ရက်က တာဝန်ခံအင်ဂျင်နီယာဦးမြင့်လင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မော်လိုက်ဈေး၌ ကျန်းမာသန့်ရှင်းရေး ယင်လုံဆန်ခါဖြင့် ငါးဆိုင်များရောင်းချ

မော်လိုက် အောက်တိုဘာ ၁

မော်လိုက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲထွဋ်သည် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ စစ်ဆေးရေးအဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၅ ရက်နံနက်က စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးအတွင်း ကျန်းမာသန့်ရှင်းမှု ယင်လုံသံဆန်ခါဖြင့် ငါးဆိုင်များ ရောင်းချမှု အခြေအနေများကို လိုက်လံစစ်ဆေးပြီး ကျန်းမာသန့်ရှင်းရေးနှင့်အညီ ရောင်းချရေး ကြီးကြပ်ဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

လိုက်လံစစ်ဆေး

ထို့အပြင် မြို့ပေါ်စားသောက်ဆိုင်များ နို့ဖိုများ၊ တည်းခိုခန်းများနှင့် လမ်းဘေးရေမြောင်းများကို ကျန်းမာရေးနှင့်ညီညွတ်မှု ရှိမရှိကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်အဖွဲ့ လိုက်လံစစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

12-10 (15) 1 10/12/06, 1:55 AM

ပုသိမ်ခရိုင်၌ စာကြည့်တိုက်ပညာ ရက်တိုသင်တန်းဆင်း

ပုသိမ် အောက်တိုဘာ ၂

ဧရာဝတီတိုင်း ပုသိမ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် ဖွင့်လှစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အထောက်အကူပြုစာကြည့်တိုက်ပညာ ရက်တိုသင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၆ ရက်က အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရွှေနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ အမှုဆောင်များ၊ သင်တန်းသားနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ချီးမြှင့်

အခမ်းအနားတွင် တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရ ပထမ ဒေါ်မို့မို့ဝင်း ကြောင်ပန်းကုန်းကျေးရွာ၊ ဒုတိယ ဦးသန့်ဇင်စိုး ကမ်းနီကျေးရွာနှင့် တတိယ ဦးစောဇော်ဖေ သူတော်ကုန်းကျေးရွာတို့မှ စာကြည့်တိုက်မှူးများအား လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက် ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် အဖ ဦးအုံးသွင်၊ အမိ ဒေါ်ဖွားတင်၊ အစ်ကိုကြီး တိုးတက်ရေး ဦးသိမ်း-ဒေါ်မမလေး၊ ညီမ ဒေါ်သိန်းမြနှင့်ဒေါ်ရီ၊ မောင် ဦးမြင့်တို့အား ရည်စူး၍ အမှတ် ၃၇ စိတ္တသုခလမ်း လှိုင်မြို့နယ် ရန်ကုန်မြို့နေ ဒေါ်ခင်မြမိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် စက်တင်ဘာ ၁၂ ရက်က ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့် ပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တောင်တွင်းကြီး ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

တောင်တွင်းကြီး အောက်တိုဘာ ၁

တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အသင်းဝင်တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက်နံနက် ၉ နာရီက ကုက္ကိုခွ၊ ဟင်ရော်၊ တရုတ်ကော၊ ညောင်ဝန်း၊ ဆတ်သွားကျေးရွာအုပ်စု ငါးအုပ်စုတွင် စုရပ်ငါးနေရာသတ်မှတ်၍ ဆောင်ရွက်သည်။

အခမ်းအနားသို့ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်ဌေးနှင့် တိုင်း၊ ခရိုင် အလုပ်အမှုဆောင်များ၊ တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်သိန်းနှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများနှင့် အမှုဆောင်များ၊ အသင်းဝင်တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းအတွင်းရေးမှူး ဦးမောင်မောင်ဌေးက အမှာစကားပြောကြားပြီးအသင်းဝင်တောင်သူလယ်သမား စုစုပေါင်း ၉၀၅ ဦး၊ လယ်ဧက ၁၀၀၀ အတွက် တစ်ဧကလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်းတစ်ရာကို တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စိုက်ပျိုးစရိတ်ချေးငွေများကို ပေးအပ်ခဲ့သည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှား အိုင်အိုဒင်းဆားရောင်းချမှုစစ်ဆေး

မိတ္ထီလာ စက်တင်ဘာ ၃၀

မိတ္ထီလာမြို့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အိုင်အိုဒင်းဆား ရောင်းချမှု စစ်ဆေးခြင်းကို စက်တင်ဘာ ၈ရက် နံနက် ၉နာရီခွဲက မိတ္ထီလာမြို့ စည်ပင်သာယာဈေးကြီးတွင် ကျင်းပသည်။

စစ်ဆေး

ထို့နောက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်နှင့်အဖွဲ့ဝင်များ၊ မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံအုပ် ဒေါက်တာ ဦးကိုကိုကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်း၍ ဈေးအတွင်း အိုင်အိုဒင်းဆား ရောင်းချသည့်ဆိုင်များသို့သွားရောက်ကာ အိုင်အိုဒင်းဓာတ်ပါဝင်မှု တိုင်းတာခြင်းနှင့် ထုပ်ပိုးထိန်းသိမ်းမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ မြို့ပေါ်ရပ်ကွက် (၁၄) ရပ်ကွက်တွင်လည်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ကျန်းမာရေး ဝန်ထမ်းများက အိုင်အိုဒင်းဆား ရောင်းချသည့် ဆိုင်များသို့ သွားရောက်၍ စစ်ဆေးမှုများ ပြုလုပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြင်းခြံမြို့ အောင်သိဒ္ဓိလမ်း၌ ရေနုတ်မြောင်းတူးဖော်

မြင်းခြံ စက်တင်ဘာ ၁၅

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ်ရပ်ကွက်အားလုံးတို့တွင် ဆက်သွယ်ဖောက်လုပ်ထားသော မြို့တွင်းလမ်းများနှင့် လမ်းဘေး ဝဲယာ ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းများကို ရပ်ကွက်များအလိုက် ရပ်မိရပ်ဖများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များဖြင့် ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁ ရက်က အမှတ် (၂) ရပ်ကွက် အောင်သိဒ္ဓိလမ်းဘေး ဝဲယာ ရေနုတ်မြောင်းကို အဖွဲ့ရန်ပုံငွေကျပ် ၂၈ ဒသမ ၅သိန်း၊ ပြည်သူများ ထည့်ဝင်ငွေ ၄ ဒသမ ၇ သိန်းဖြင့် တူးဖော်ခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ မြေကော်စက်များဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သူသူအေး ဦးဆောင်၍ ကြီးကြပ်ဆောင်ရွက်ပေးသည်။

(နယ်စပ်/စည်ပင်)

ရပ်စောက်မြို့ ပျိုးဥယျာဉ်၌ ပေါင်းမြက်များရှင်းလင်း

ရပ်စောက် စက်တင်ဘာ ၂၀

ရပ်စောက်မြို့ မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စက်တင်ဘာ ၆ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပျိုးအိတ်ထည့်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်း ကြီးကြပ်ဆောင်ရွက်သည်။ **(နယ်စပ်/စည်ပင်)**

ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဗိုလ်ချုပ်လမ်း ကျောက်စီမြေထိန်းနံရံဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၅ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန် ကြည့်ရှုစစ်ဆေးစဉ်။ (တိုင်းစည်ပင်)

အောင်ပွဲရဘောလုံးသမားများ ဂုဏ်ပြုပွဲ ကျင်းပ

ပွင့်ဖြူ အောက်တိုဘာ ၅

မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဇီးကျွန်းရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် ယှဉ်ပြိုင်ကြသည့် အသင်း(၁၁)သင်းမှအနိုင်ရသည့် ရေချမ်းစင်ရွာ လူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီက အရှေ့လေးအိမ်ကျေးရွာအုပ်စု ရေချမ်းစင်ရွာ အခြေခံပညာမူလတန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုစကား

ရှေးဦးစွာ ရပ်မိရပ်ဖ ဦးရာပြိုင်က အဖွင့်အမှာစကားပြောကြားပြီး ဆရာကြီး ဦးဘန်းရွှေက ဂုဏ်ပြုစကား ပြောကြားသည်။ ထို့နောက် ဦးသောင်းရွှေက ဂုဏ်ပြုလက်ဆောင်များကို အသင်းခေါင်းဆောင် ကိုအောင်မင်းအား ပေးအပ်သည်။ **(က-ပ)**

စက်တင်ဘာ ၁၉ရက်က အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှု ဆောင်အရာရှိ ဦးပြည်စိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲလွင်တို့ ရန်ကုန်-မန္တလေး ကားလမ်းဘေးဝဲယာရှိ ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သားငါးဆိုင်များ ကျန်းမာရေးနှင့်ညီရေး ရောင်းချရေးစစ်ဆေး

ညောင်ရွှေ စက်တင်ဘာ ၂၀

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်တိုး ဦးဆောင်၍ ဈေးခေါင်းရုံးဝန်ထမ်းများနှင့် စည်ပင်သာယာရေးဝန်ထမ်းများ စက်တင်ဘာ ၇ ရက်က မြို့မ စည်ပင်သာယာဈေးကြီးအတွင်း ကွင်းဆင်းလှည့်လည်ပြီး သားငါးဆိုင်များ ရောင်းချမှုအခြေအနေများကို ကျန်းမာရေးနှင့်အညီ စည်းကမ်းရှိရှိ ရောင်းချနိုင်ရေးအတွက် စစ်ဆေးမှုများ ဆောင်ရွက်ပေးကြသည်။ **(၀၂၇)**



ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ စန်းတောကျေးရွာ၌ အလှူရှင်စက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၈ရက်က တာဝန်ခံအင်ဂျင်နီယာ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၈၅ (အမ်)

မြန်မာ့စီးပွားရေးဘဏ် နှင့် ၁။ ဦးငြိမ်းချမ်း
မိတ္ထီလာမြို့။ ၂။ ဒေါ်ခင်စန်းဝင်း

တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၁၁တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် နိုဝင်ဘာလ၂၀ ရက်နေ့၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် နတ်တော်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာရပ်၊ အကွက်(၁၉/ဂ ပြည်သာယာ) ဦးပိုင်(၆၀) မြေကွက်အမှတ်(၆၀) ဧရိယာ ၀ ဒသမ ၀၈၀ ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ လူနေ ပတ်ကား(၂)ထပ်တိုက်နှင့် တွဲလျက်(၁)ထပ်ဂိုဒေါင်၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာ၊ အုတ်ရေစင်။

လေလံကြမ်းခင်းဈေးကျပ်သိန်း(၉၀)။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရသိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

မတွေ့ကသေးဘူးလားလို့ မေးနေတဲ့ ပရိသတ်များအတွက် . . .
စီ - ခုလောခို
၂၀၀၃ - ခုနှစ်၊ ဓမ္မဝင်ဒိုင်ယာရီ



ဒေါ်သန်းမြင့်မေ (ခ) ချိုကင်မ်ကြည်ထံလွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်း အများပြည်သူသိရှိရန်ကြေညာခြင်း

ဒေါ်ရီ (မှတ်ပုံတင်အမှတ် အေစီ/၀၃၆၉၆၁၊ အမှတ် ၄၂၊ ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့) လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၇-၈-၁၉၈၉ ရက်က ဒေါ်ရီမှ ဒေါ်သန်းမြင့်မေ (ခ)ဒေါ်ချိုကင်မ်ကြည် (မှတ်ပုံတင်အမှတ် ကေတီဒီအေ-၀၀၅၄၈၅)ထံ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၁၉၁၂ ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခဲ့ပါသည်။ အဆိုပါ အထူးကိုယ်စားလှယ် လွှဲစာကို ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှသိန်း (B.A, LL.B)
တရားရုံးချုပ်ရှေ့နေ (စဉ်-၆၀၀၄)
တိုက်-၉၊ ဒုတိယထပ်၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။

ဒေါ်စန္ဒာသိန်း (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ်-၂၄၅၈၂)
တိုက်-၉၊ ဒုတိယထပ်၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။

အမည်ပြောင်း

အဖဦးချစ်ကြွယ်၏သား ဦးသက်တင်ဦး ၉/မမန(နိုင်)၀၁၃၂၀၀ အား ဦးဇော်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

ဦးဇော်ဝင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၃၇၄၁၉၊ ၁ဃ/၁၄၃၅၄ Honda C 90 ယာဉ်လက်ဝယ်ရှိသူအမည် ဦးမျိုးကျော်ထူး မှတ်ပုံတင်အမှတ် ၁၂/ရပသ(နိုင်)၀၄၇၄၁၅ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်အေးအေးငယ် ၁/ကမန (နိုင်)၀၂၆၈၇၄ သည် ၇-၁၀-၂၀၀၆ ရက်တွင် မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီး အဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအားလုံးကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးလှမိုး ၁/ကမန(နိုင်)၀၁၀၄၉၈
လုံးခင်းကျေးရွာ ဖားကန့်မြို့။

ပိန်းဇလုတ်ရွှေကျောင်းတော်ပြုပြင်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ပိန်းဇလုတ် စက်တင်ဘာ ၃၀

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုတ်သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက်အတွင်းရှိ သုဝဏ္ဏဝတီ သုံးထပ်ရွှေကျောင်းတော်ကြီး ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကိုစက်တင်ဘာ၂၀ရက်ကကျင်းပရာ ဦးချစ်မြိုင်အားရည်စူး၍ ဒေါ်ငွေမြိုင်သား မောင်အောင်အောင်က ငွေကျပ် ၁၃၀၀၀၀၊ ဒေါ်ကောက်ပို့ အသက် (၇၀) ပြည့်မွေးနေ့၊ ဆရာကြီး ဦးအေးမောင်-ဒေါ်တင်ရွှေ မိဘနှစ်ပါးရည်စူး၍ မခင်လွင်မွေးနေ့၊ ဦးမောင်လှိုင်-ဒေါ်ညွန့် (ညွန့်ရတနာ)ကျောက်တံခါး၊ ဒေါ်ရီ မိသားစု၊ ဒေါ်သေးသေး တစ်နှစ်ပြည့်တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးတင်ငွေ-ဒေါ်ကြည်၊ ကိုအောင်မြင့်ဌေး-မမီမီခိုင်၊ ဦးတင်လှအား ရည်စူး၍ ဒေါ်ကေသီအောင် မိသားစု၊ မိဘဘိုးဘွားများအား ရည်စူး၍ မောင်အောင်ကျော်လတ်-မကေသီအောင်၊ ဦးညွန့်ရှန်အား ရည်စူး၍ ကိုဝင်းနိုင်-မဖြူမိသားစုတို့က ငွေကျပ်၅၀၀၀၀ စီကိုပဓာနဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်းနိုင်

ပါဝင်လှူဒါန်းလိုပါက ကိုမင်းလွင် ဖုန်း-၅၄၃၄၂၄၊ ကိုဝင်းကျော် ဖုန်း-၀၉-၅၁၀၈၇၆၉ နှင့် ဒေါ်ပြုံးကြည် ဖုန်း-၆၆၆၁၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မန္တလေး-လားရှိုးလမ်းမကြီးဘေးတစ်လျှောက် ချုံနွယ်များရှင်းလင်း၍ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးခြင်းကို နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဩဂုတ် ၂၈ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် ဦးစီးအရာရှိ ဦးခင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ကသာခရိုင် ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ဗန်းမောက်မြို့ မြနန္ဒာရပ်ကွက်အတွင်းရှိစေတီကုန်းလမ်း တံတား ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးကျော်နန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်နိုင်မြင့်တို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

ကထိန်အလှူတော်မင်္ဂလာဆင်ယင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

သာကေတမြို့နယ် (၉)ရပ်ကွက် မူလမင်းကွန်းဓမ္မရိပ်သာကျောင်းတွင် နဝမအကြိမ် အများစုပေါင်းကောင်းမှု ကထိန်မင်္ဂလာကို နှစ်ဖက်သောမိဘများအား အမှူးထား၍ မရမ်းကုန်းမြို့နယ် (၇)မိုင် အိမ်အမှတ် (၈-E) နီကောရိပ်သာ မေခလမ်းနေ ကိုအောင်သော်-မမြတ်သီတာ(ထွန်းစတိုးမိသားစု)တို့က မတည်လျက် ခုနစ်ရက်သားသမီးများ စုပေါင်းဆက်ကပ်လှူဒါန်းခြင်း ကထိန်အလှူတော်မင်္ဂလာကို ၁၃၆၈ တန်ဆောင်မုန်းလဆန်း ၂ရက် (အောက်တိုဘာ ၂၂ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ **(က-ပ)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၆-၁၀-၂၀၀၆ (တနင်္လာနေ့)

❑ Ecology, Biodiversity and Conservation of Endangered Orchids in Myanmar
  - Environmental Science ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများ

❑ Categorizing the Varieties of Plants and their Relatives
  - ပထမနှစ် ရုက္ခဗေဒ(သာမန်)

၁၇-၁၀-၂၀၀၆ (အင်္ဂါနေ့)

❑ The Beginning of Quantum Theory I
  - ပထမနှစ်နှင့် ဒုတိယနှစ်အထူးပြု ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများ

❑ The Beginning of Quantum Theory II
  - ပထမနှစ်နှင့် ဒုတိယနှစ်အထူးပြု ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများ

၁၈-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

❑ An Introduction to AUN
  - ဘွဲ့ကြို ဝိဇ္ဇာသင်တန်းသားများ ASEAN Quiz ဖြေမည့်အထက်တန်းကျောင်းသား ကျောင်းသူများ

❑ Environmental
  - Postgraduate Students (M.Sc) of Multi-disciplinary Courses: Industrial Chemistry, Engineering Chemistry, Environmental Studies, Biochemistry

၁၉-၁၀-၂၀၀၆ (ကြာသပတေးနေ့)

❑ သက်ရှိနှင့်ပတ်ဝန်းကျင်
  - ကျောင်းသား ကျောင်းသူများ၊ လုပ်သားပြည်သူများ

❑ Diversity of Plants
  - ပထမနှစ် ရုက္ခဗေဒ(အဓိက)

၂၀-၁၀-၂၀၀၆ (သောကြာနေ့)

❑ Botany as aScience
  - ကျောင်းသား ကျောင်းသူများ၊ လုပ်သားပြည်သူများ

❑ Modification of Plant Part
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ

❑ The Flower
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ

၂၁-၁၀-၂၀၀၆ (စနေနေ့)

❑ Consignment Account
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ

❑ Trading, Profit and Loss Account and Balance Sheet
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ

❑ Business Environment
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ

❑ Measures of Location
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား

❑ Graphical Presentation
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား

❑ Importance of Micro Bussiness in Economic Development
  - ပထမနှစ် အိမ်တွင်းစီးပွား

❑ Cash-Book
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ

❑ Total Debtors Account and Total Creditors Account
  - ပထမနှစ် စီးပွားရေးအထူးပြု

❑ Internal Structure and Organization
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ

❑ Application of Demand and Supply
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ

❑ Double Entry and Book-keeping
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ

၂၂-၁၀-၂၀၀၆ (တနင်္ဂနွေနေ့)

❑ Aggregate Supply & Aggregate Demand
  - တတိယနှစ် စီးပွားရေးအထူးပြု

❑ The Role of Agriculture and its Contribution to Economic Development
  - တတိယနှစ် စီးပွားရေး၊ အိမ်တွင်းစီးပွား

❑ Marketing (Approaches to the Study of Marketing)
  - တတိယနှစ် စီးပွားရေးအထူးပြု

❑ The Nature and Scope of International Economics
  - တတိယနှစ် စီးပွားရေးပညာအထူးပြု

❑ Simple Random Sampling II
  - တတိယနှစ် စီးပွားရေး၊ အိမ်တွင်းစီးပွား

❑ Management Science in Decision Making
  - ဒုတိယနှစ် စီးပွားစီမံ

❑ New Worlds to Conquer
  - ဒုတိယနှစ် အထူးပြုအားလုံး

❑ Trees and Erosion
  - ဒုတိယနှစ် အထူးပြုအားလုံး

❑ Partial Fractions
  - ဒုတိယနှစ် စီးပွားရေးအထူးပြု

❑ Matrix
  - ဒုတိယနှစ် စီးပွားရေးအထူးပြု

❑ Differential Calculus
  - ဒုတိယနှစ် စီးပွားရေးအထူးပြု

❑ Difference Equations
  - ဒုတိယနှစ် စီးပွားရေးအထူးပြု

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စပိန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ စပိန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဟိုဆေး လူးအစ်(စ်) ရိုဒရီဂွ(ဇ်)၊ ဇာပါတဲရိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ



အလုပ်သမားညီလာခံ

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ကောက်နုတ်စုစည်းတင်ပြရာ၌ အလုပ်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဒေါက်တာကံဇော်၏ ပြည်ထောင်စုလွှတ်တော်နှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနဲ့ အမျိုးသား ညီလာခံကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၃၊ ၁၄ နဲ့ ၁၅ ရက်နေ့များတွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးများမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ***စာမျက်နှာ ၈ ကော်လံ ၁*** ●

အလုပ်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဒေါက်တာကံဇော်ပြည်ထောင်စုလွှတ်တော်နှင့်စပ်လျဉ်း၍ ဆွေးနွေးချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

လွှတ်တော်များရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့် ဆက်သွယ်မှုဆိုင်ရာလုပ်ငန်းများဟာ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ၊ ဒေသတွင်း နိုင်ငံရေး၊ လူမှုရေးအခြေအနေများ လက်ရှိဖြစ်ပေါ်နေသည့် ပြည်တွင်းအခြေအနေများနှင့် သဟဇာတဖြစ်ပြီး ပြည့်စုံခိုင်မာမှုရှိ

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းကို အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ကောက်နုတ်စုစည်းတင်ပြရာ၌ သဘာပတိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လောက ပြည်ထောင်စုလွှတ်တော်နှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

x x x x x x

"ကျွန်တော်တို့ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအနေနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ(၂၈)ချက်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေပြုခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူ (၁၉)ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ***စာမျက်နှာ ၁၀ ကော်လံ ၁*** ❐

သဘာပတိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော ပြည်ထောင်စုလွှတ်တော်နှင့် စပ်လျဉ်း၍ ဆွေးနွေးချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)